အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မာစရိယ ပါဠိပါရဂူ

စစ်ကိုင်း ကျုဖွာဆရာတော် ဘဒ္ဒန္တလက္ခဏာ

ဟောကြားတော်မူသည်

# မိဘကျေးဇူး နှင့် သားကောင်း သမီးမြတ်



အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

ဓမ္မာစရိယ ပါဠိပါရဂူ

စစ်ကိုင်း ကျွဲစွာဆရာတော်

# ဘဒ္ဒန္တလက္ခဏ မဟာထေရ်


ဟောကြားတော်မူသည်

# မိဘကျေးဇူး နှင့် သားကောင်း သမီးမြတ်



WWW.DHAMMARANSI.NET

# ဝါးချက် ဇီဝိတဒါန သံဃာ့ဆေးရုံ
# ပဓာနဦးဆောင်ဆရာတော်



## ဘဒ္ဒန္တလက္ခဏ

(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)

(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)

ကျွစွာချောင်-စစ်ကိုင်းတောင်ရိုး

သီရိလင်္ကာရာမ ဒဂုံသာသနာ့ရိပ်သာ ရန်ကုန်မြို့

WWW.DHAMMARANSI.NET

အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၊
အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ
ဓမ္မာစရိယ ပါဠိပါရဂူ

စစ်ကိုင်း ကျစွာဆရာတော် ဘဒ္ဒန္တလက္ခဏ
ဟောကြားတော်မူသည်

# မိဘ ကျေးဇူး နှင့် သားကောင်းသမီးမြတ်

၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ

WWW.DHAMMARANSI.NET

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၃၂၀၁၄၅၀၂၀၇
မျက်နှာဖုံးခွင့်ပြုချက် – ၉၂၀၁၇၆၀၃၀၇
မျက်နှာဖုံးနှင့်စာစီ – P.A.G Co., Ltd.
ပုံနှိပ် – သင်းပုံနှိပ်တိုက်
အမှတ်–၈၀၊ ၄၃–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
စာအုပ်ချုပ် – P.A.G Co., Ltd.
ထုတ်ဝေသူ – ဦးကြည်မင်း
မြူးစာပေ
အမှတ်– ၁၈၉–၁၉၂ (စီ)၊ မြေညီထပ်၊
နှင်းဆီကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း – ၂၉၆၆၆၇၊ ၇၂၂၈၉၇
ပုံနှိပ်ခြင်း – ပထမအကြိမ်
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ကျပ်။
ဖြန့်ချိရေး – ဦးကြည်မင်း
P.A.G Co., Ltd
အမှတ်– ၁၈၉–၁၉၂ (စီ)၊ မြေညီထပ်၊
နှင်းဆီကွန်ဒို၊ ဗိုလ်တထောင်ဘုရားလမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း – ၂၉၆၆၆၇၊ ၇၂၂၈၉၇


WWW.DHAMMARANSI.NET

မိဘ ကျေးဇူး . . . . .

## စိစဉ်သူ၏အမှာ

ကျွန်ုပ်တို့ ဆရာတော်ဘုရား၏ ဟောစဉ်တရားတော် များကို ဓမ္မစာသားများအဖြစ် မှတ်တမ်း တင်ခဲ့ရာတွင် . . . . . . . . . . .

၁။ မနုဿလူသား တရားတော်
၂။ အမျိုးသမီး စွမ်းဆောင်ရှင် တရားတော်
၃။ ကိုးကွယ်ရာမှန်မှ ချမ်းသာရ တရားတော်
၄။ အပြစ်မြင်မှ နိဗ္ဗာန်ရ တရားတော်
၅။ ဝေဒနာနုပဿနာ တရားတော်
၆။ အရွယ်သုံးပါး ကုသိုလ်ပွား တရားတော်
၇။ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်
သိဒ္ဓိပေါက် တရားတော်
၈။ သီလကထာ တရားတော်

စသည်ဖြင့် တရားစာအုပ် ရှစ်အုပ်ကို အလှူရှင် အသီးသီးတို့၏ မတည်လှူဒါန်းငွေများဖြင့် ထုတ်ဝေဖြန့်ချိ

WWW.DHAMMARANSI.NET

ခဲ့ရာ၊ ဆရာတော်ဘုရား ဟောကြားတော်မူသော "တရားတော်" များသည် ရိုးရှင်းလွယ်ကူပြီး တရားအနှစ်သာရများဖြင့် ပြည့်စုံမှုရှိပါ၍ ဆက်လက်ပြီးထုတ်ဝေ ဖြန့်ချိပေးသင့်ပါကြောင်း နှိုးဆော်ကြသူများ၊ အားပေးကြသူများ ရှိလာပါသည်။

စီစဉ်သူအနေဖြင့် ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူကာ "မိဘကျေးဇူးနှင့် သားကောင်း သမီးမြတ်"ဟူ၍ အမည်ရသော တရားတော်ကို ဓမ္မစာစဉ် (၉) အဖြစ် အိပ်ဆောင်စာအုပ်အရွယ် ရိုက်နှိပ် ဖြန့်ချိရန် ရွေးချယ်ခဲ့ရာ

• • • • • • •

အောက်ပါအလှူရှင်များက မိဘကျေးဇူးကို သိတတ်စွာဖြင့် - အများသူငါတို့ "မိဘကျေးဇူးနှင့် သားကောင်း သမီးမြတ်" တရားတော်ကို ဖတ်ရှုမှတ်သားနိုင်ကြပါစေရန် စိတ်ရည်သန်၍ မတည်အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြ ပါသည်။

WWW.DHAMMARANSI.NET

မိဘ ကျေးဇူး . . . . .

မိဘ ကျေးဇူး စာစင်စာအုပ် အလှူရှင်များ

၁။ မိခင်ကြီး ဒေါ်ရင်မြ၊ ပျဉ်းမနားအား
ရည်စူး၍ ဦးဉာဏ်ဝေ (ကုန်သွယ်
လယ်ယာ-ငြိမ်း ) က — ၁၅၀၀၀ဝိ/

၂။ ဖေယျကျော်ထင် ဒုတိယဗိုလ်မှူးကြီး
စည်သူ + ဇနီးဒေါ်ခင်သန်းနွဲ့ က — ၁၀၀၀၀ဝိ/

၃။ မိဘများအား အမှူးထားလျက်
ဒေါ်မြင့်မြင့်ကြည် (ညွှန်မှူး-ငြိမ်း)
အကြံပေးအရာရှိ၊ ရသုံးမှန်းခြေ
ငွေစာရင်း ဦးစီးဌာနက — ၁၀၀၀၀ဝိ/

WWW.DHAMMARANSI.NET

၄။ မိဘများအား အမျှထားလျက်
ဒေါ်မြင့်မြင့်စန်း၊ အမှတ်-၈၊ ပဏ္ဍိတလမ်း
လှိုင်မြို့နယ်၊ ရန်ကုန် က ၁၅၀၀၀၀ိ/

၅။ ဦးအောင်သိန်း (အငြိမ်းစား
သံအမတ်ကြီး) + ဒေါ်ရီရီသိန်း မိသားစု
အမှတ်-၂၃၊ ၂-လမ်း၊
လှိုင်ရတနာမွန်အိမ်ယာ၊
လှိုင်မြို့နယ်၊ ရန်ကုန် က ၁၀၀၀၀၀ိ/

WWW.DHAMMARANSI.NET

## မိဘ ကျေးဇူး . . . . .

'မိဘကျေးဇူးနှင့် သားကောင်း သမီးမြတ်' တရားတော်ကို ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ပဏ္ဍိတလမ်း၊ အမှတ်-၈ နေ၊ ရဟန်းဒါယကာကြီး ဦးကျင်ဟုတ်၏ အသက် ၈၈-နှစ်ပြည့် မွေးနေ့အလှူမင်္ဂလာ အခမ်းအနား၌ ဆရာတော်ဘုရားက ချီးမြှင့်ပေးခဲ့ပြီး၊ ရင်မှဖြစ်သော သားသမီးရတနာများကို လူလားမြောက်အောင် ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ကြပါသော မိဘများ၏ ဂုဏ်ကျေးဇူးတရားများကို မမေ့မလျော့ကြစေရန် ဆရာတော်ဘုရားက ဟောကြားပေးသနားခဲ့ခြင်းဖြစ်ရာ၊ သားသမီးတိုင်းအတွက် သိသင့်သိထိုက်၊ မှတ်သားနာယူ ကျင့်ဆောင်ထိုက်သော တရားတော် ဖြစ်ပါ၍ ဤစာအုပ် 'မိဘကျေးဇူးနှင့် သားကောင်းသမီးမြတ်' တရားတော်ကို အများသူငါအကျိုးငှါ စိစဉ်ထုတ်ဝေ လိုက်ရပါသည်။

မျက်နှာဖုံး ကွန်ပျူတာနှင့်တကွ ဟောစဉ် တရားခွေမှသည် - ဓမ္မစာသားများအဖြစ် အစီအရီ ဖြစ်ပေါ်လာစေရန် ကုသိုလ်ယူ၍ ဆောင်ရွက်ပေးပါသော စစ်ကိုင်းတောင်ရိုး၊ ကျွှာချောင်၊ မဟာဝိဇယရံသီ စာသင်တိုက်၊ စာချဆရာတော်

WWW.DHAMMARANSI.NET

အရှင်ဉာဏသေဋ္ဌနှင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ အမှတ် (၄)ရပ်ကွက်၊ သိရိလက္ခဏာရာမ ဒဂုံသာသနာ့ ရိပ်သာမှ အရှင်တေဇာနန္ဒတို့ကို အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

မိဘဝတ္တရားဖြစ်သည့်-

"မကောင်း မြစ်တား၊ ကောင်းရာ ညွှန်လတ်၊ အတတ် သင်စေ၊ ပေးဝေ နှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင် မယ်တို့တာ"ဟူ၍ မိဘဝတ္တရားငါးပါးနှင့် ပြည့်စုံကြပါကုန်သော ကျေးဇူးကြီးမား မိဘနှစ်ပါးတို့အား သင်္ဂဟဆရာတော် ရေးစပ်ထားသည့် ဆောင်ပုဒ်ပါအတိုင်း၊ သားသမီးဝတ္တရား ငါးပါး ဖြစ်သည့်-

"ကျွေးမွေး မပျက်၊ ဆောင်ရွက် စီမံ၊ မွေခံ ထိုက်စေ၊ လှူမျှ ဝေ၍၊ စောင့်လေ မျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ် သားတို့တာ၊ ကျင့်ဖွယ် သမီးတို့တာ" ဟူသော ကျင့်ဝတ်ကို ခိုင်ခိုင်မာမာ ကျင့်ဆောင်နိုင်ကြပါစေကြောင်း ကောင်းမြတ်သော မနသိကာရဖြင့် မိဘကျေးဇူးနှင့် သားကောင်း သမီးမြတ် တရားတော်စာအုပ်ကို စီစဉ်လိုက်ရပါသည်။

WWW.DHAMMARANSI.NET

မိဘ ကျေးဇူး . . . . .

စီစဉ်သူ ..........

ဒေါ်မြင့်မြင့်ကြည်
(ညွှန်ကြားရေးမှူး - ငြိမ်း၊ အကြံပေးအရာရှိ)
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန
ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန။

အတွင်းရေးမှူး
ဝါးချက် ဇီဝိတဒါနသံဃာ့ဆေးရုံ
ကြီးကြပ်ထောက်ပံ့ရေး (အောက်မြန်မာပြည်) အဖွဲ့

WWW.DHAMMARANSI.NET

ဆရာတော် ဘဒ္ဒန္တလက္ခဏ

**သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ**

# အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်သည်

WWW.DHAMMARANSI.NET

မိဘ ကျေးဇူး . . . . .

## တရားဂုဏ်တော် (၆) ပါး

**သွာက္ခာတ ဂုဏ်တော်**

မြတ်စွာဘုရားက ကောင်းစွာ ဟောကြားထားခြင်း။

**သန္ဒိဋ္ဌိက ဂုဏ်တော်**

ကျင့်ကြံသူအတွက် မျက်မှောက်ဘဝ၌ပင်
ကိုယ်တိုင်ရှုမြင်နိုင်သည့် စွမ်းအားရှိခြင်း။

**အကာလိက ဂုဏ်တော်**

ရှုပွားနေသော ယောဂီအတွက်၊ မဂ်ပြီးလျှင်
ဖိုလ်တရားသည် အချိန်မဆိုင်းဘဲ ဖြစ်ပေါ်နိုင်ခြင်း။

**ဧဟိပဿိက ဂုဏ်တော်**

လာလော့၊ လက်တွေ့ ကျင့်ကြည့်လော့ဟု
တရားတော်နှင့် ပတ်သက်၍ ရဲရဲဝံ့ဝံ့
ဖိတ်ခေါ်နိုင်ခြင်း။

WWW.DHAMMARANSI.NET

ဩပနေယျိက ဂုဏ်တော်
မိမိသန္တာန်၌ အစဉ်အမြဲကပ်၍ ဆောင်ထားသင့်ခြင်း။

ပစ္စတ္တံ ဝေဒိတဗ္ဗ ဂုဏ်တော်
မင်္ဂဖိုလ်နိဗ္ဗာန် တရားအရသာကို အရိယာ
သူတော်ကောင်းတို့သည် အသီးသီး
လက်တွေ့ခံစားနိုင်ခြင်း။

WWW.DHAMMARANSI.NET

**အကယ်ဒမီ**

**ရုပ်ရှင် ဒါရိုက်တာ တစ်ဦး၏**

**ရင်တွင်း ခံစားချက်**

ကျွန်တော်ဆရာတော်ကြီး၏ ဟောစဉ်တရားတစ်ပုဒ်ကို စာအုပ်ထုတ်ဝေရာမှာ အမှာစာရေးပေးရန် တာဝန်ပေးလာပါသည်။

ကျွန်တော် ခေါင်းကြီး သွားပါသည်၊

ဤမျှနိုင်ငံတကာ လှည့်လည်ကာ ဝိပဿနာတရား ပြနေသော ဆရာတော် အကျော်အမော်ကြီးတစ်ပါး၏ တရားမှာ အမှာစာ ဝင်ရေးပေးရမည်ဆိုသည့်အလုပ်က ကျွန်တော်ကဲ့သို့ ဘာမျှမဟုတ်သော သူတစ်ယောက်အတွက် ကြီးလေးလှသည်ဟု ထင်မြင်မိပါသည်။

စာအုပ်ကို ကြည့်လိုက်တော့ 'မိဘကျေးဇူးနှင့် သားကောင်း သမီးမြတ်' ဟူ၍ ဖြစ်ပါသည်။

ဒကာကြီး ဦးကျင်ဟုတ် အသက် ၈၈-နှစ် ပြည့် မွေးနေ့တွင် ထိုဒကာကြီးအိမ်မှာ မွေးနေ့အလှူလုပ်စဉ်က



WWW.DHAMMARANSI.NET

ဆရာတော်ဘုရား ဟောကြားချီးမြှင့်ခဲ့သော တရားဖြစ်ပါသည်၊ ကျွန်တော် အစအဆုံး ဖတ်ကြည့် လိုက်မိတော့မှ အဖိုးတန်လှသော အဆုံးအမများကို တစ်ထိုင်တည်း ရရှိလိုက်ပါသည်။

သားသမီးတွေအပေါ်မှာ မိဘတိုင်းက မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ဟူသော ဗြဟ္မစိုရ်တရား လေးပါးနှင့် ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့ကြရာတွင် သားသမီးများ ဒုက္ခကြုံသောအခါ သောကရောက်တတ်ကြပါသည်၊ ထိုသောကကိုပင် ကျွန်တော်တို့က ချစ်လို့ ပူတာ၊ ဒါ မေတ္တာကနေ ဖြစ်လာတာဟု လွဲမှားစွာ မှတ်ယူလာခဲ့ကြပါသည်၊ ကရုဏာကြောင့်လဲ ဖြစ်တာပဲဟူ၍လည်း ထင်ခဲ့ကြပြန်ပါသည်။

အမှန် စင်စစ်က သောကသည် ကရုဏာ မဟုတ်ကြောင်းကို ဆရာတော်က သေသေချာချာ ရှင်းပြထားပါသည်။

သနားခြင်း ကရုဏာ အစစ် မဟုတ်ဘဲ၊ သောကသည် ဒေါမနဿ ဟူသော အကုသိုလ်တရား တစ်ခုသာ



WWW.DHAMMARANSI.NET

ဖြစ်ကြောင်း ဆရာတော် ရှင်းပြထားသည်က အလွန်တန်ဖိုး ရှိပါသည်၊

သောကက ကရုဏာ ယောင်ဆောင်ပြီး ဝင်လာတတ်သည်ကို ကျွန်တော်တို့ သတိထားကြဖို့ ညွှန်ပြတော်မူပါသည်။

ဆရာတော် ဟောကြားထားသည့် သား သုံးမျိုးကို ဖတ်ရသောအခါ 'ငါတို့ဟာ ဘယ်လိုသား သမီးမျိုးထဲမှာ ပါသလဲ' ဟု ကိုယ့်ကိုယ်ကို ချိန်ထိုးကြည့်မိ ပြန်ပါသည်၊ ကျွန်တော်တို့၏ သားသမီးများကို အတိဇာတသားသမီးများ ဖြစ်အောင် ပြုစုပျိုးထောင် ပေးရမည်ကို သတိချပ်မိပါသည်။

မိဘကျေးဇူးဆပ်ခြင်းနှင့် ပတ်သက်ပြီး ကျွန်တော်တို့ စွဲမှတ်ယူခဲ့ကြသည့် အချက်တစ်ချက် ရှိပါသည်၊ 'မိဘကျေးဇူး ဆပ်၍ မကုန်နိုင်'ဟူသောအချက် ဖြစ်ပါသည်၊ ဤသည်ကို ငယ်ငယ်က တော်တော် ပြောဖြစ်ခဲ့ကြပါသည်။

'မာတာပိတရော - မိခင်ဖခင်ကျေးဇူးရှင်တို့ကို၊ ဝဿသတမ္ပိ - အနှစ်တစ်ရာ ကာလကြာအောင်လည်း၊ သီသေန - ဦးခေါင်းဖြင့်၊ ပရိဟရန္တာ- ရွက်တင်ပြီးတော့


WWW.DHAMMARANSI.NET

ထားကြကုန်သည်ဖြစ်၍၊ ပဋိကရဲ ကျေးဇူးဆပ်ခြင်းကို ကာတုံ-ပြုခြင်းငှါ၊ အသမတ္ထာ- မစွမ်းနိုင်'ဟူသော ပါဠိတော်တစ်ခုကို စွဲကာ 'မိဘ ကျေးဇူးဆပ်၍ မကုန်ဘူး'ဟု ထင်ခဲ့ကြခြင်း မျှသာ ဖြစ်ပေသည်။

ဤနည်းကား လောကီနည်းဖြင့် ဆပ်ခြင်းမျှသာ ဖြစ်၍ ကျေးဇူး မကျေနိုင်ဆိုသည်ကား မှန်ပါသည်။

သို့သော်-ကျေအောင် ဆပ်သည့်နည်း ရှိပါသည်၊ လောကုတ္တရာနည်းဖြင့် ဆပ်လျှင်ကား ကျေပါသည်၊

ဒါကို ဆရာတော်ကြီးက ဤတရားတွင် သေသေ ချာချာ ဟောကြား ရှင်းပြခဲ့ပါသည်။

မိဘနှစ်ပါးကို ရတနာသုံးပါးအား မမှိတ်မသုန် ယုံကြည်, ကြည်ညိုတဲ့ သဒ္ဓါ ပွားတတ်သူမျိုးဖြစ်အောင် ဆောင်ရွက်ပေးဖို့။

မိဘနှစ်ပါးကို မကျိုးမပေါက် မပြောက်မကျားသော သီလတရား စောင့်ထိန်းတတ်သူမျိုးဖြစ်အောင် ဆောင်ရွက် ပေးဖို့။

မိမိကိုယ်တိုင် ရဟန်းဝတ်၊ တရားအားထုတ်ပြီး၊



WWW.DHAMMARANSI.NET

ရရှိလာတဲ့ တရားထူးကို မိဘနှစ်ပါးအား ရဟန်းတရား ဟောကြားပေးကာ ဝိပဿနာ ဘာဝနာများ ပွားများ အားထုတ် သူမျိုးဖြစ်အောင် ဆောင်ရွက်ပေးဖို့။

ဤသို့ ကြိုးပမ်း၍ မိဘနှစ်ပါးက ဘာဝနာတရား ပွားများသူဖြစ်လျှင် ထိုကျေးဇူးဆပ်နည်းက ကျေပွန်ပြီ ဖြစ်ကြောင်း ဆရာတော်ဘုရားကြီး၏ တရားကို နာကြည့်မှ ရှင်းလင်းသွားပေတော့သည်။

ကျွန်တော်တို့ ယနေ့ ဗီဒီယိုတွေ ရုပ်ရှင်တွေရိုက်နေ ကြရာတွင် တာဝန်အရှိဆုံးမှာ ဇာတ်ညွှန်းရေးဆရာနှင့် ဒါရိုက်တာတို့သာ ဖြစ်ပါသည်။

ယနေ့ မျက်မှောက်ခေတ် ဇာတ်ညွှန်းရေးဆရာနှင့် ဒါရိုက်တာအများစုမှာ ပရိယတ္တိစာပေနှံ့စပ်မှုမှာ လွန်စွာ အားနည်းကြပေသည်၊ သို့အတွက် ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ပတ်သက်ပြီး မှားယွင်းသော အချက်အလက်အချို့ကို ဗီဒီယို များတွင်လည်းကောင်း၊ ရုပ်ရှင်များတွင်လည်းကောင်း မကြာခဏ စိတ်ပျက်ဖွယ်ရာ တွေ့ရှိရပါသည်။

'မြတ်စွာဘုရားတောင်မှ မိခင်ရဲ့နို့တစ်လုံးဖိုးပဲ

ကျေးဇူးဆပ်နိုင်တယ်'ဟုဆိုပါသည်၊ ဘယ်သူက ဘယ်အချိန်က စပြီးတော့ တီထွင်လိုက်သည့်စကားရပ်လည်း မသိပါ။ မိခင်၏ ကျေးဇူးကို တင်စားချင်လွန်း၍ ပြောခြင်းဖြစ်ပါသည်။

သို့သော် ဤအယူအဆသည် မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်ကြီးကို တိုက်ရိုက် စော်ကားသလို ဖြစ်နေကြောင်းကိုမူ သတိမပြုမိကြပါ။

အမှန်မှာ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက မိခင်၏ နို့နှစ်လုံးဖိုးစလုံး ကျေပါသည်၊

ထိုသို့ ကျေကြောင်းကို ထေရီအပဒါန် ပါဠိတော် စာမျက်နှာ ၂၀၉၊ ဂါထာတော် ၁၃၃ တွင် တွေ့နိုင်ပါသည်။

'ဗန္ဓနာ ရက္ခနေ မယှံ၊
အနဏော တွံ မဟာမုနေ'

စသည်ဖြင့် ပါရှိပါသည်။

မိထွေးတော် ပဇာပတိဂေါတမီသည် သိဒ္ဓတ္ထမင်းသားကို လူလားမြောက်အောင် နို့ချိုတိုက်ကျွေးခဲ့ရသူ ဖြစ်ပါသည်၊ မယ်တော်ရင်း မာယာဒေဝီဟာ အလောင်းတော် သိဒ္ဓတ္ထကို ဖွားသန့်စင်တော်မူပြီး ခုနစ်ရက်အကြာမှာ ကံတော်ကုန်ရှာ



WWW.DHAMMARANSI.NET

ပါသည်၊ အဲဒီနောက်မှာ မယ်တော် မာယာဒေဝီ၏ ညီမဖြစ်တဲ့ မိထွေးတော် ဂေါတမီဟာ နို့ချိုတိုက်ကျွေး လာခဲ့ရပါသည်။

မိထွေးတော် ဂေါတမီအကြောင်းကို လေ့လာကြည့်ရင် အင်မတန်မှ လွမ်းမောစရာ၊ အတုယူ အားကျအထင်ကြီး စရာတွေ အများကြီး တွေ့ရပါသည်၊ အသက် တစ်ရာ့နှစ်ဆယ် အထိ နေသွားတဲ့သူ ဖြစ်၏။

သူ ပရိနိဗ္ဗာန်ပြုခါနီးမှာ ရဟန်းမိန်းမငါးရာ ခြံရံပြီး မြတ်စွာဘုရားထံမှာ သွား၍ ခွင့်တောင်းပါသည်။

'ကောင်းသော စကားကိုသာ ဆိုတော်မူတတ်သော မြတ်စွာဘုရား . . . . .

တပည့်တော်မ ဂေါတမီသည်၊ အရှင်ဘုရား၏ လောကီအမိ ဖြစ်ပါ၏၊ ကြီးသော လုံ့လရှိတော်မူသော မြတ်စွာဘုရား၊ အရှင်မြတ်ဘုရားသည် တပည့်တော်၏ လောကုတ္တရာ အဘ ဖြစ်တော်မူပါပေသည်၊ တပည့်တော်မသည် အရှင် ဘုရား၏ လောကုတ္တရာ သမီးတော်ကြီးသာ ဖြစ်ပါသည်။

'ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား . . . . . . .



WWW.DHAMMARANSI.NET

အရှင်ဘုရား၏ ရူပကာယကို တပည့်တော်မသည် ကြီးပွား အောင် မွေးမြူပါ၏၊ တပည့်တော်မ ဂေါတမီ၏ ဓမ္မကာယကို အရှင်ဘုရားသည် ကြီးပွားအောင် မွေးမြူပေးခဲ့ပါ၏။

တပည့်တော်မ ဂေါတမီသည် အရှင်ဘုရားကို အာဟာရ အစာနို့ချိုရေကို တိုက်ကျွေးခဲ့ပါ၏၊ အရှင်ဘုရား ကမူ တပည့်တော်မ ဂေါတမီကို မြေစွာသော တရားဓမ္မ နို့ချိုမြကို တိုက်ကျွေးပေးတော် မူခဲ့ပါပေသည်'။

'မာယာရင်နှစ် သားချစ် မြတ်စွာဘုရား၊ အရှင် ဘုရားသည် တပည့်တော်မ ဂေါတမီကို သံသရာ ဝဲသြဃ ပင်လယ်ထဲမှ ဆွဲထုတ်ကယ်တင်တော်မူပါပေ၏။

ထိုသို့ ကယ်တင်နိုင်ခဲ့တဲ့ အတွက်ကြောင့် တပည့် တော်မအပေါ် မှာ အရှင်ဘုရား နို့ဖိုးကြွေးလုံးဝ မကျန်တော့ပါ ဘုရား၊ ကျေအောင်ဆပ်နိုင်ခဲ့ပါပြီ ဘုရား'။

ရှင်းပါသည် . . . . . . . . .

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးက မိခင် နို့ဖိုးကြွေးကျန်မရှိ ကျေခဲ့ပါသည်၊ ကျေရုံသာမက လောက သံသရာထဲက ဆွဲထုတ် ကယ်တင်ပေးတော်မူခဲ့ပါပြီ။



WWW.DHAMMARANSI.NET

## မိဘ ကျေးဇူး . . . . .

မြန်မာ့ ရုပ်ရှင်လောကတွင် 'အမေ့နို့ဖိုး' ဟူသော အမည်ဖြင့် ရုပ်ရှင်တစ်ကား ရိုက်ကူးတင်ပြဖူးပါသည်၊ ကိုကျော်သူ တင်ဆက်ခြင်း ဖြစ်ပါသည်၊ အကယ်ဒမီဆုတွေ ရသော ဇာတ်ကားဖြစ်ပါသည်၊ 'အမေ့ခြေရာ' ဟူသော အမည်ဖြင့်လည်း မိခင်မေတ္တာကို ဖော်ကျူးသော ဇာတ်ကား ရှိခဲ့ပါသည်၊ 'အမေ' ဟူသော အမည်ဖြင့်လည်း ဇာတ်ကား တစ်ကား ပေါ်ထွက်ခဲ့ဖူးပါသည်။

'စကားပြောသော အသည်းနှလုံး' ဟူသော အမည်ဖြင့် တင်ဆက်ခဲ့သော ဇာတ်ကားမှာမူ သွားလေသူ ဘဘဦးသုခ၏လက်ရာ၊ မိခင်မေတ္တာ ဇာတ်ကားဖြစ်ပါသည်။

ကျေးဇူးတော်ရှင် ကျစွာဆရာတော်ဘုရား၏ 'မိဘကျေးဇူးနှင့် သားကောင်းသမီးမြတ်' တရားတော်ကား အနှစ်သာရ ပြည့်စုံလှစွာသော တရားတော်တစ်ပုဒ် ဖြစ်ပါသည်။

စင်တင်ပြဇာတ်အနေဖြင့်လည်းကောင်း၊ ဗီဒီယို, ရုပ်ရှင်အဖြစ်ဖြင့်လည်းကောင်း၊ စာပေဖြင့်လည်းကောင်း၊


WWW.DHAMMARANSI.NET

ဆရာတော် ဘဒ္ဒန္တလက္ခဏာ

အမျိုးမျိုး ဖေါ်ကျူးနေကြသည့် မိဘမေတ္တာ အကြောင်းမှာ ပြော၍ မကုန်နိုင်အောင် ဖြစ်ပါသည်။

ဆရာတော်ကြီး မိန့်ကြားသလို ကျွန်တော်တို့က ကိုယ့်ကိုယ်ကို 'အတိဇာတသား' ဖြစ်အောင် ကြိုးစားကြပြီး ကျွန်တော်တို့ သားသမီးများကိုလည်း 'အတိဇာတ' သားသမီးများဖြစ်အောင် ပြုစုပျိုးထောင် ကြရမည်သာဖြစ်ပါတော့သတည်း။

အကယ်ဒမီ ကိုကိုလေး
(ဇာတ်ညွှန်းရေးဆရာ)
(စာရေးဆရာ ဒါရိုက်တာ)


WWW.DHAMMARANSI.NET



" မိဘကျေးဇူးနှင့် သားကောင်း သမီးမြတ် "
တရားပိုင်ရှင်ဖြစ်တော်မူသော
မြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးအား
ဦးခိုက်ရှိခိုး၍ ပူဇော်ပါ၏
အရှင်မြတ်ဘုရား။

WWW.DHAMMARANSI.NET

## ဆရာတော် ဘဒ္ဒန္တလက္ခဏာ

# မာတိကာ


- ကျေးဇူးရှင်နှင့် ဒါနမင်္ဂလာ ၁
- အနန္တ မေတ္တာရှင် ၃
- အနန္တ ကရုဏာရှင် ၆
- အနန္တ မုဒိတာရှင် ၉
- သား သုံးမျိုး ၁၁
- အနန္တ ဥပေက္ခာရှင် ၁၃
- ဗြဟ္မာမင်းကြီးနှင့်တူတဲ့ မိဘ၊ လက်ဦးဆရာ မိဘ ၁၄
- အာဟုနေယျဂုဏ်နှင့် ပြည့်စုံတဲ့မိဘ ၁၇
- ကျေးဇူးဆပ်နည်းအမျိုးမျိုး ၂၀
- သား သမီး ကျင့်ဝတ်များ ၂၇
- ကျေးဇူးကျေအောင်ဆပ်နည်း ၃၈
- ဘဝအဆက်ဆက် မပျက်တဲ့ သဒ္ဓါတရား ၄၁
- အရိယာသူတော်ကောင်းများ ချစ်မြတ်နိုးတဲ့သီလ ၄၂
- အမြတ်ဆုံး ကျေးဇူးဆပ်နည်း ၄၄
- ကျေးဇူးဆပ်ရခြင်းအကျိုး ၅၁
- တရား နိဂုံး ၅၄


WWW.DHAMMARANSI.NET

# မိဘ ကျေးဇူး နှင့် သားကောင်း သမီးမြတ်



## ကျေးဇူးရှင် နှင့် ဒါနမင်္ဂလာ

သာသနာတော် သက္ကရာဇ် ၂၅၄၈-ခု၊ မြန်မာဝေါဟာ ကောဇာသက္ကရာဇ် ၁၃၆၆-ခုနှစ်၊ ဝါခေါင်လဆန်း ၁၄ရက်၊ ခရစ် သက္ကရာဇ် ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်၊ တနင်္ဂနွေနေ့၊ နံနက်ပိုင်းအချိန်၊ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ပဏ္ဍိတလမ်း၊ ခြံအမှတ်-၈ နေ၊ ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်း ဒါယကာကြီး ဦးကျင်ဟုတ်၏ ၈၈-နှစ်ပြည့် မွေးနေ့မင်္ဂလာမှာ ဒေါ်မြင့်မြင့်စန်းနှင့်တကွ အားလုံးသော သား သမီး မြေး မြစ် တစ်စုတို့က သိရိလင်္ကာဗောဓာရာမ ဒဂုံသာသနာ့ရိပ်သာမှာ ဘုရားအမှူးရှိသော သံဃာတော် အရှင်မြတ်များနှင့်တကွ ယောဂီသူတော်စင်တို့အား အရုဏ်ဆွမ်း နေ့ဆွမ်း အဖျော်ယမကာစသည်တို့ကို



WWW.DHAMMARANSI.NET

တစ်နေ့တာအတွက် အာဟာရ ဘောဇဉ် လှူဒါန်းကြတယ်။

နောက်ပြီးတော့ ဆောက်လုပ်နေဆဲဖြစ်တဲ့ ဗုဒ္ဓ အမိဝါသ ဂန္ဓကုဋီကျောင်းဆောင်တွင် ကိန်းဝပ်သီတင်း သုံးတော်မူရန် ပူဇော်မည့် ဘုရားဆင်းတုတော်နှင့် တံကဲ ပလ္လင်အတွက် ပထမအကြိမ် အလှူတော်ငွေ ကျပ်သိန်းပေါင်း နှစ်ဆယ်၊ နောက် သိရိလက္ခဏာရာမဒဂုံသာသနာ့ရိပ်သာမှာ ဝါဆို ဝါကပ် သီတင်းသုံးတော်မူကြတဲ့ သံဃာတော် အရှင်မြတ် ၁၃ ပါးတို့အတွက်လည်း သက်န်း ၁၃-စုံ၊ ဆက်ကပ် လှူဒါန်းတယ်၊ ဆရာတော်ရဲ့ နဝကမ္မ ဝတ္ထုငွေ ကျပ်သုံးသောင်းနှင့် ဗိုက်ဘုတ်တစ်ခုကိုလည်း လှူဒါန်း ပါတယ်။

ယနေ့အားလုံး ဒါယကာကြီး ဦးကျင်ဟုတ်ရဲ့သား သမီး မြေး မြစ် အပေါင်းက မိမိရဲ့ ၈၈-နှစ်မြောက် မွေးနေ့မင်္ဂလာပွဲမှာ ယခုလို သာသနာတော်နှင့်စပ်တဲ့ သာသနိက အလှူဒါနတွေ ပြုလုပ်ပြီး ပေးကြတယ်ဆိုတော့ မိမိတို့ရဲ့ အနန္တကျေးဇူးရှင် ဖခင်ကြီး ဦးကျင်ဟုတ်အပေါ်မှာ ကျေးဇူးတရားတွေကို ပေးဆပ်တဲ့ ကျေးဇူးဆပ်ပွဲ ဖြစ်ပါတယ်။



WWW.DHAMMARANSI.NET

မိဘ ကျေးဇူး . . . . .

ဘာကြောင့်လဲလို့ဆိုတော့ . . . . . . . . . .

မိခင်ဖခင် ကျေးဇူးရှင်တွေဆိုတာ သားသမီးများရဲ့ စားဝတ်နေရေး ကျန်းမာရေးက စပြီးတော့ ပစ္စုပ္ပန် သံသရာ နှစ်ဖြာသော ကောင်းကျိုးချမ်းသာ ရဖို့ရာအတွက် **မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ** လို့ဆိုတဲ့ ဗြဟ္မစိုရ် တရား လေးပါးနဲ့အညီ ပြုစုပျိုးထောင်ပြီး လာခဲ့တဲ့၊ မွေးမြူစောင့်ရှောက်ပြီးတော့ လာခဲ့တဲ့ ကျေးဇူးတရားတွေ ရှိပါတယ်။

အဲဒီ ကျေးဇူးတရားတွေကို မိမိတို့က သိပြီးတော့ သား သမီး မြေး မြစ် တစ်စုက ဖခင်ကြီး မိမိတို့အပေါ်မှာ တင်ရှိနေတဲ့ ကျေးဇူးတွေကို ပေးဆပ်ပြီးတော့ နေကြတယ်။

## အနန္တ မေတ္တာရှင်

မိဘတွေလို့ဆိုတာ ငယ်စဉ်တောင်ကျေး ကလေး ဘဝက စပြီးတော့ လူတိုင်းပြောနေကြတယ်၊ **ဖဝါး လက်နှစ်လုံး ပခုံးလက်နှစ်သစ်** စသည်ဖြင့် ဒီလို အရွယ်က စပြီးတော့ လူဖြစ်အောင် မွေးကျွေး သုတ်သင်ခဲ့ကြတဲ့


WWW.DHAMMARANSI.NET

ကျေးဇူးတွေ ရှိပါတယ်။

သား သမီးတွေ အပေါ်မှာလဲပဲ မိဘတွေက ဘယ်လောက်ထိအောင် ချစ်မြတ်နိုးကြသလဲဆိုခဲ့ လို့ရှိရင်၊ သား သမီးတွေ ငယ်ငယ်တုန်းက ဆော့ကစားလို့ အကယ်၍ ဖုတ်တွေ ကြေးညှော်တွေ ဘယ်လောက်ပဲ ပေကျံနေပါစေ၊ ကစားရာက ပြန်လာတဲ့ အချိန်မှာ ပေကျံနေတဲ့ အညစ် အကြေးတွေ သုတ်သင် ဖယ်ရှားပြီးတော့ သားလေးတွေ သမီးလေးတွေကို မိမိရဲ့ရင်ခွင်မှာ ယုယစွာ ပိုက်ထွေးပြီး နမ်းရှုပ်ခြင်း နမ်းစုပ်ခြင်း အစရှိတဲ့ အမူအယာတွေ ပြနိုင် ကြတယ်။

သား သမီးလေးတွေ ဘယ်လောက်ပင် အညစ် အကြေး ပေကျံနေပေမယ်လို့ မိဘတွေဟာ ပြုစုယုယ ခဲ့ကြတယ်၊ ဒီကျေးဇူးတရားတွေ ရှိပါတယ်။

သား သမီးလေးတွေ ဘယ်လောက်ပင် အညစ် အကြေးတွေ ပေကျံနေပေမယ်လို့ မိဘတွေဟာ ရွံရှာ တယ်လို့ ဘယ်တော့မှ မရှိပါဘူး၊ မိဘတွေဟာ ပြုစုယုယခဲ့ကြတယ်၊ ဒီကျေးဇူးတရားတွေ ရှိတယ်။

သား သမီးတွေ အပေါ်မှာထားတဲ့ မေတ္တာတရားဟာ မိဘတွေမှာ နှိုင်းယှဉ်လို့ မရအောင် ထားနိုင်ကြတယ်၊ သား သမီးတွေကို ဘေးရန် အန္တရာယ် ကင်းရှင်းစေချင်ကြတယ်၊ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတွေ ကင်းငြိမ်းစေလိုကြတယ်ဆိုတာ အမြဲတမ်း အချိန်မရွေး ရှိနေကြတယ်။

သားသမီးတွေရဲ့ ကြီးပွားချမ်းသာရေး ကောင်းစားချမ်းသာရေး၊ သက်ရှည်ကျန်းမာရေးက စပြီးတော့ မနောကံမေတ္တာ၊ ဝစီကံ မေတ္တာ၊ ကာယ ကံမေတ္တာတွေနဲ့ အမြဲတမ်းပြုစုပျိုးထောင်ပြီးတော့ လာခဲ့ကြတယ်။

အဲဒီတော့ မိဘတွေက သား သမီးများ အပေါ်မှာထားတဲ့ မေတ္တာတရားဟာ အလွန်မတန် ကြီးမားတယ်လို့ဆိုတာ ဒါ မိဘတိုင်းလည်း သိတယ်၊ သား သမီးတိုင်းလည်းသိကြပါတယ်။



WWW.DHAMMARANSI.NET

နောက် သားသမီးများ ဆင်းရဲဒုက္ခ ရောက်မှာကို မြင်တယ်ဆိုရင်လဲပဲ မိဘတွေရဲ့ စိတ်နှလုံးဟာ အမြဲတမ်း တုန်လှုပ် ချောက်ချားပြီးတော့ သား သမီးတွေရဲ့ ဆင်းရဲ ဒုက္ခ အပေါင်းမှ လွတ်မြောက်ဖို့ရာ အမြဲတမ်း ကြိုးပမ်း ပြီးတော့ လုပ်ကိုင် ဆောင်ရွက်ပေးကြတယ်၊ ဒါ 'ကရုဏာ' တရားလို့ ခေါ်ပါတယ်။

'ကရုဏာ'ဆိုတာ သားသမီးတွေ အပေါ်မှာ သနားငဲ့ညှာတဲ့ ကရုဏာတရား ဖြစ်ပါတယ်၊ ဒီ 'ကရုဏာ' တရားဟာ 'သောက'လို ပူပန်တဲ့ သဘောတရား မရှိပါဘူး။

တချို့က သားသမီးတွေ ဆင်းရဲဒုက္ခ ရောက်ပြီးတော့ နေတဲ့အခါ၊ စိုးရိမ်ပူပန်တဲ့အနေနဲ့ သောက ရောက်ကြတာ ရှိတယ်၊ သောကရောက်တယ်ဆိုတာကတော့ **ကရုဏာ** မဟုတ်ပါဘူး၊ ဒါ သနားခြင်း အစစ်မဟုတ်ဘူး၊ **သောက** တရားပဲ၊ **သောကဆိုတာ ဒေါမနဿပါ။**

ဒီ ဒေါမနဿဟာ ကုသိုလ်တရား မဟုတ်ပါဘူး၊



WWW.DHAMMARANSI.NET

ကရုဏာ ဆိုတာက အဲဒီလို မဟုတ်ဘူး၊ ကရုဏာ နဲ့ သနားတယ်ဆိုတာကတော့ သားသမီးများ ဆင်းရဲဒုက္ခ ရောက်နေပြီ ဆိုခဲ့လို့ရှိရင် ဒုက္ခအပေါင်းက လွတ်မြောက်အောင် ငါ ကယ်တင်မယ် လို့ဆိုတဲ့ ဒီစိတ် အမြဲတမ်းရှိပြီးတော့ သားသမီးတွေ ဆင်းရဲ ဒုက္ခ အပေါင်းမှ လွတ်မြောက်ဖို့ရန် စိတ်က ညွတ်ပြီးတော့ အမြဲတမ်း စိတ်က အေးမြတဲ့ သဘောတရား ရှိပါတယ်။

ကရုဏာက ကုသိုလ်တရား၊ တစ်ခါတစ်ခါ သောက ကနေပြီးတော့ ကရုဏာ အယောင်ဆောင်ပြီး ဝင်လာတတ်တယ်။

ကိုယ့်ရဲ့ သားသမီးလေးတွေ ဆင်းရဲဒုက္ခ ရောက်နေတာ သနားတယ်ဆိုပြီး တချို့များ ပူပင် သောကတွေဖြစ်ပြီး ငိုကြွေးမြည်တမ်းတာ ဖြစ်သွားတယ်၊ အဲဒါကတော့ သနားခြင်း ကရုဏာ အစစ်မဟုတ်ပါဘူး၊ သောက ကနေပြီးတော့ ကရုဏာ အယောင်ဆောင် ဝင်လာတာ၊ ဒါလေးတွေကိုလဲ သတိထားရမယ်။

ဆင်းရဲဒုက္ခ ရောက်နေပြီ ဒုက္ခိတ သတ္တဝါအဖြစ်သို့



WWW.DHAMMARANSI.NET

ရောက်နေပြီ ဆိုခဲ့လို့ရှိရင်၊ ဒီ သားသမီး လေးတွေကို ဆင်းရဲဒုက္ခမှ လွတ်မြောက်အောင် နည်းအမျိုးမျိုးနဲ့ ကယ်တင် ပြီးတော့ ယူရတယ်။

အဲဒီလို စိတ်ဓာတ်မျိုးနဲ့ ဆောင်ရွက်ပြီး နေတာ မျိုးကတော့ ကောင်းတဲ့ ကုသိုလ်လုပ်ငန်း တရားတွေဖြစ်တဲ့ အတွက်ကြောင့် အေးမြတဲ့ သဘောတရား ရှိပါတယ်။

ဒါကြောင့် မြတ်စွာဘုရားက 'ကရုဏာ သီတလ ဟဒယံ' စသည်ဖြင့် အဲဒီမှာ ကရုဏာဓာတ်တွေနဲ့ ထုံမွမ်းပြီးတော့ထားတဲ့ မြတ်စွာဘုရားရဲ့ စိတ်ဓာတ် တော်ဟာ အလွန်မတန် အေးမြတယ်လို့ ဘုန်းကြီးတို့ စာပေမှာ **သီတလ** ဆိုတဲ့ စကားနဲ့ အမိန့်ရှိတာ ထောက်သောအားဖြင့် **ကရုဏာ** တရားသည် အပူဓာတ် မဟုတ်ဘူး၊ အအေးဓာတ်ပါ။

ဒါ့ကြောင့် မိဘတွေက၊ အဲဒီလို သားသမီးတွေ ဆင်းရဲဒုက္ခ ရောက်လာပြီ ဆိုလို့ရှိရင် ပူပင်သောက ဖြစ်တာတွေထက် သားသမီးတွေကို ဆင်းရဲ ဒုက္ခ အပေါင်းမှ လွတ်မြောက်အောင် ကယ်တင်လိုတဲ့ 'ကရုဏာ' စိတ်က



WWW.DHAMMARANSI.NET

အလွန်မတန် ပြင်းထန်ပါတယ်။

ဒါ့ကြောင့် အဲဒီလို အေးမြတဲ့ 'ကရုဏာ' တရားနဲ့လည်း သားသမီးတွေအပေါ်မှာ မိဘတွေက ပြည့်စုံပါတယ်။

## အနန္တ မုဒိတာရှင်

နောက် သားသမီးတွေကို မိမိတို့က ပြုစုပျိုးထောင်လိုက်လို့ အဆင့်အတန်းမြင့်မြင့် နေထိုင်ရပြီး အစစအရာရာ စားရေး ဝတ်ရေး နေရေး ထိုင်ရေးကစပြီးတော့ ပြည့်ပြည့်စုံစုံ ရှိပြီးနေတာကို မြင်ရပြီဆိုတော့လည်းပဲ မိဘတွေဟာ သိပ်ပြီးတော့ အဲဒီမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြတာပဲ၊ မုဒိတာ တရားတွေ ပွားနေကြတာပဲ။

သာမန်ပုဂ္ဂိုလ်တွေ အဇနေနဲ့ကြတော့ မပွားနိုင်ဘူး၊ သူစိမ်းတစ်ရံစာအနေနဲ့ တချို့ကိုယ့်ထက် သာပြီးတော့ စီးပွားချမ်းသာတွေ တိုးတက်နေတာ၊ ပညာတရားတွေ တိုးတက်နေတာ၊ အစစအရာရာ တိုးတက်နေတာ မြင်ရရင် လူတိုင်းလူတိုင်း မုဒိတာ မပွားနိုင်ဘူး၊ 'ကိုယ့်ထက်သာ



WWW.DHAMMARANSI.NET

မနာလို'တဲ့ စိတ်တွေ ရှိတယ်။

သားသမီး အပေါ်ကြတော့ မိဘတွေက အဲဒီလို မဟုတ်ဘူးနော်၊ သားသမီးတွေ ချမ်းသာလေ၊ မိဘတွေက စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာ ဖြစ်လေလေပဲ၊ နောက်ဆုံး သူတို့ရဲ့ ချမ်းသာမှုက ကိုယ့်ထက် သာသွားချင်သာသွား ပါစေ ပိုလို့တောင်မှ စိတ်ထဲမှာ ဝမ်းမြောက်ဝမ်းသာဖြစ်သေး တယ်နော်။



WWW.DHAMMARANSI.NET

## သား သုံးမျိုး

သား ဆိုတာ — **အတိဇာတ သား**
**အနုဇာတ သား**
**အဝဇာတ သား** ဆိုပြီး
သား သုံးမျိုး ရှိတယ်။

**အတိဇာတ** သားဆိုတာ - မိဘတွေထက် အစစ အရာရာ သာလွန်မြင့်မြတ်ပြီးတော့ နေခဲ့လို့ရှိရင် အဲဒါ မိဘတွေထက် သာလွန်တဲ့ သားသမီးဖြစ်တဲ့ အတွက်ကြောင့် **အတိဇာတသား**လို့ ခေါ်တယ်။

**အနုဇာတသား**လို့ ဆိုတာကတော့ မိဘတွေနဲ့ တန်းတူရည်တူ လိုက်နိုင်အောင် ပြောရေး ဆိုရေး နေရေး ထိုင်ရေးကစပြီးတော့ မိဘတွေနဲ့ တန်းတူရည်တူဆောင်ရွက် နိုင်တဲ့ သားသမီးများကိုကြတော့ **အနုဇာတသား**လို့ ခေါ်တယ်။

နောက် **အဝဇာတ** သား သမီးတွေဆိုတာ ရှိသေးတယ်၊ အဝဇာတ သားသမီးတွေကတော့ မိဘတွေက



WWW.DHAMMARANSI.NET

သူတို့ကို ဘယ်လောက်ပဲ ကြီးပွားချမ်းသာအောင် အစစ အရာရာ နည်းလမ်းတွေပေးပြီး စောင့်ရှောက် ပေးပေမယ်လို့ မိဘတွေကိုမီအောင် မလိုက်နိုင်ဘူး၊ မိဘတွေရဲ့ လုပ်ရေးကိုင်ရေးနှင့် စီးပွားဥစ္စာရှာဖွေတဲ့ နေရာမှာ လုပ်ကိုင်ဆောင်ရွက်တဲ့ အရည်အသွေးတွေ မီအောင် မလုပ်နိုင်ကြဘူး။

ကိုယ်ကျင့်သီလက စပြီးတော့ မိဘတွေကိုမီအောင် သူတို့ မကျင့်သုံးနိုင်ကြဘူး၊ မိဘတွေရဲ့ အောက်ဆွဲကနေပြီးတော့ နိမ့်ကျတဲ့ အနေမျိုးနဲ့ ရှိနေတဲ့ သားသမီးတွေလဲပဲ အများကြီး တွေ့ရတယ်၊ သူတို့ကိုတော့ အဝဇာတ သား သမီးလို့ ခေါ်တယ်၊ မိဘတွေအနေနဲ့ကတော့ ခုန အဝဇာတ သားသမီးမျိုးတွေ တွေ့လာလို့ရှိရင် ဘယ်စိတ်ချမ်းသာမလဲ။

မိမိတို့နဲ့တန်းတူ ရည်တူ လုပ်ရည် ကိုင်ရည် ကျင့်ကြံကျိုးကုတ် အားထုတ်တဲ့ အရည်အသွေး တွေကစပြီးတော့ တူညီပြီ ဆိုလို့ရှိရင် ဝမ်းသာကြတယ်၊ ကိုယ့်ထက်သာသွားပိုပြီးတောင် ဝမ်းမြောက်ဝမ်းသာ ဖြစ်တယ်၊ ဒါ 'မုဒိတာ' တရားလို့ ခေါ်တယ်။



WWW.DHAMMARANSI.NET

ဒါ့ကြောင့် မိဘတွေမှာ အဲဒီ 'မုဒိတာ' တရားနဲ့ လည်းပဲ သားသမီးတွေနဲ့ ပတ်သက်ပြီးတော့ ပြည့်စုံပါတယ်။

## အနန္တ ဥပေက္ခာရှင်

နောက်ပြီးတော့ သားသမီးတွေ အစစအရာရာ ပြည့်စုံလို့ စိတ်ချရပြီ ဆိုတော့လဲ၊ မိဘတွေဟာ သားသမီးတွေကို လျစ်လျူရှုထားနိုင်ကြတယ်။

ဪ-ငါတို့ သားသမီးတွေ ငါတို့ပြုစုပျိုးထောင်လိုက်သည့်အတိုင်း သူတို့အားလုံး ပြည့်ပြည့်စုံစုံရှိနေ ကြပြီဆိုပြီး စိတ်ကိုအေးအေး ချမ်းချမ်းသာသာနဲ့ လျစ်လျူရှု ပြီးတော့ နေနိုင်ကြတယ်၊ အဲဒါ 'ဥပေက္ခာ' လို့ ခေါ်တယ်။

ဒါ့ကြောင့် မိဘတွေမှာ အဲဒီ 'မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ' လို့ဆိုတဲ့ ဗြဟ္မစိုရ် တရားလေးပါးနဲ့ အညီ သားသမီးတွေ အပေါ်မှာ ကျင့်သုံးနိုင်တဲ့အတွက်ကြောင့် အဲဒီ မိဘတွေကို ရှေးပညာရှိကြီးတွေက ဗြဟ္မာမင်းကြီးတွေနဲ့ နှိုင်းယှဉ်ပြီးတော့ ပြောကြတယ်။


WWW.DHAMMARANSI.NET

ဆရာတော် ဘဒ္ဒန္တလက္ခဏ



# ဗြဟ္မာမင်းကြီးနှင့် တူတဲ့ မိဘ လက်ဦးဆရာ မိဘ

မိဘတွေက ဘာနဲ့ တူသလဲဆိုရင် . . . . . .

ဗြဟ္မာမင်းကြီးနဲ့ တူတယ်၊ 'ဗြဟ္မာတိ မာတာ ပိတရော ပုဗ္ဗာစရိယာတိ ဝုစ္စရေ'တဲ့၊ တစ်နည်းအားဖြင့် ပြောရမယ်ဆိုလို့ရှိရင် ပုဗ္ဗာစရိယ။

'ပုဗ္ဗာစရိယ' ဆိုတာ - ပုဗ္ဗ + အာစရိယ၊ မိဘတွေက သားသမီးတွေရဲ့ လက်ဦးဆရာပဲ။

ရှေးဦးစွာ ပြောတတ်ဖို့ နေတတ်ဖို့ ထိုင်တတ်ဖို့ မိဘတွေက စတင်ပြီး သင်ကြားပေးရတယ်၊ ပညာသင်ပေးမယ့် ဆရာသမားတွေဆီကို နောက်မှ ရောက်တာ၊ ဆရာသမားတွေဆီ မရောက်ခင်ကထဲကိုက ကိုယ့်ရဲ့သားသမီးလေးတွေ ပေါ်ပေါက်လာတဲ့ အချိန်က စပြီးတော့၊ သားသမီးတွေရဲ့ ကိုယ်ကျင့်သီလ ကောင်းဖို့ သားသမီးလေးတွေ နေတတ်ထိုင်တတ်ဖို့ အစစအရာရာ ပြုမူဆက်ဆံတတ်ဖို့ကအစ မိဘတွေက လိုလေသေး မရှိအောင် အကုန်လုံး



WWW.DHAMMARANSI.NET

ရှေးဦးစွာ သင်ကြားပြီးတော့ ပေးကြတယ်။

အဲဒီလို သင်ကြားပြီးတော့ ပေးတဲ့အတွက်ကြောင့်လည်း မိဘတွေဟာ သားသမီးတွေရဲ့ ပုဗ္ဗာစရိယလက်ဦးဆရာလို့ ခေါ်ပါတယ်။

ရှေးပညာရှိကြီးတွေက မိဘတွေကို ဘယ်လိုနှိုင်းခိုင်းပြီးတော့ ပြောသလဲဆိုရင် . . . . . . .

ဗြဟ္မာတိ မာတာပိတရော၊
ပုဗ္ဗာစရိယာတိ ဝုစ္စရေ။
အာဟုနေယျာ စ ပုတ္တာနံ၊
ပဇာယ အနုကမ္ပကာ။

မာတာပိတရော - မိဘတို့ကို၊ ဗြဟ္မာတိစ- ဗြဟ္မာမင်းကြီးတို့ဟူ၍ လည်းကောင်း၊ ပုဗ္ဗာစရိယာတိစ လက်ဦး ဆရာတို့ဟူ၍လည်းကောင်း၊ ဝုစ္စရေ (ဝုစ္စန္တိ) ရှေးပညာရှိကြီးတွေက အမိန့်ရှိတော်မူကြကုန်၏။

ဘုရားအစရှိတဲ့ အရိယာသူတော်ကောင်းကြီးတွေက မိဘတွေကို သားသမီးတွေ အပေါ်မှာ အမြဲတမ်း 'မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ' လို့ဆိုတဲ့ ဗြဟ္မစိုရ်



WWW.DHAMMARANSI.NET

တရားနဲ့ပွားများပြီး နေနိုင်ကြတဲ့ အတွက်ကြောင့် ဗြဟ္မာမင်းကြီးတွေနဲ့ တူတယ်တဲ့။

ဗြဟ္မာ့ပြည်ကို ရောက်သွားတဲ့ ဗြဟ္မာမင်းကြီးတွေက အားလုံး သတ္တဝါတွေရဲ့ အပေါ်မှာ မေတ္တာတရားတွေ အပြည့်အဝ ထားနိုင်တယ်၊ ကရုဏာတရားလည်း ထားနိုင်ကြတယ်၊ မုဒိတာတရားလည်း ထားနိုင်ကြတယ်၊ ဥပေက္ခာတရားလည်း ထားနိုင်ကြတယ်။

ဗြဟ္မာမင်းကြီးတွေက အားလုံးသော သတ္တဝါ တွေရဲ့ အပေါ်မှာ **မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ** လို့ဆိုတဲ့ ဗြဟ္မစိုရ်တရား လေးပါးနဲ့အညီ ထားနိုင်သလို၊ မိဘတွေကလဲ သားသမီးတွေ အပေါ်မှာ အဲဒီလိုမေတ္တာ တရားတွေ ကရုဏာ မုဒိတာ ဥပေက္ခာ တရားတွေ ကောင်းစွာ ထားနိုင်ကြတယ်၊ ဒါ့ကြောင့် မိဘ ဆိုတာဟာ ဗြဟ္မာမင်းကြီး တွေပါပဲ။

အစစအရာရာ ပညာသင်ပေးမယ့် ဆရာသမား လက်ထဲ မရောက်ခင် ကြိုတင်ပြီးတော့ သားသမီးတွေရဲ့ နေရေး ထိုင်ရေး ဝတ်ရေး စားရေးကစပြီး စနစ်တကျ



WWW.DHAMMARANSI.NET

ဖြစ်အောင် သင်ကြားပြီးတော့ ပေးတတ်တဲ့အတွက်ကြောင့် 'ပုဗ္ဗာစရိယ' လက်ဦးဆရာလို့လည်းပဲ ခေါ်ကြပါတယ်။



## အာဟုနေယျဂုဏ်နှင့် ပြည့်စုံတဲ့ မိဘ

နောက် 'အာဟုနေယျာစ ပုတ္တာနံ'၊ ပုတ္တာနံ- သားသမီးတို့၏၊ အာဟုနေယျာစ- အဝေးမှ ဆောင်ယူအပ်သော မွန်မြတ်တဲ့ ပစ္စည်းဥစ္စာတို့ကိုလဲပဲ ခံယူခြင်းငှါ ထိုက်တန်တော်မူကြပါပေကုန်၏။

မိဘတွေဟာ ဘုရားသံဃာမှာရှိနေတဲ့ ဂုဏ်ကျေးဇူး တွေလိုပဲ၊ သံဃာ့ဂုဏ်တော်ကိုးပါးထဲမှာ 'အာဟုနေယျ ဂုဏ်' ဆိုတာ ပါတယ်။

'အာဟုနေယျဂုဏ်' ဆိုတာ အဝေးမှ ဆောင်ယူလာတဲ့ ပစ္စည်းဥစ္စာတွေ၊ လှူဖွယ်ဝတ္ထုတွေကို ခံယူခြင်းငှါ ထိုက်တန်တဲ့ဂုဏ် ဖြစ်ပါတယ်၊

အဝေးမှ ပို့လိုက်တဲ့ ပစ္စည်းဝတ္ထုတွေ၊ လက်ဆောင်



WWW.DHAMMARANSI.NET

ဘဏ္ဍာတွေဆိုတာ၊ သာမန်အညံ့စားတွေ ဘယ်တော့မှ လက်ဆောင်ပေးရိုး ထုံးစံ မရှိဘူး၊ မွန်မြတ်တဲ့ ပစ္စည်းဝတ္ထုတွေ ချည်းပါပဲ။

အဲဒီလို အဝေးက လက်ဆောင် ဘဏ္ဍာအဖြစ်နဲ့ ပေးလိုက်တဲ့ မွန်မြတ်သော ပစ္စည်းဥစ္စာတွေကို ခံယူဖို့ရာ ထိုက်တန်တဲ့ ဂုဏ်ကျေးဇူးဟာ မိဘတွေမှာလဲ ရှိပါတယ်တဲ့။

ဥပမာ ဆိုကြပါစို့ -- နိုင်ငံရပ်ခြား အရပ်ဒေသက နေပြီးတော့ မွန်မြတ်တဲ့ အသုံးအဆောင် ပစ္စည်းတွေ ပါလာပြီ ဆိုခဲ့လို့ရှိရင် မိဘတွေက အဲဒီမွန်မြတ်တဲ့ ပစ္စည်းတွေကို ခံယူခြင်းငှါ ထိုက်တန်ပါတယ်တဲ့။

သားသမီးတွေပေးတဲ့ မွန်မြတ်တဲ့လက်ဆောင် တွေကို ခံယူခြင်းငှါ ထိုက်တန်တဲ့ဂုဏ်နဲ့ ပြည့်စုံတယ်၊ ဒါကို 'အာဟုနေယျ ဂုဏ်'လို့ ခေါ်ပါတယ်။

'ပဇာယ အနုကမ္ပကာ'၊ ပဇာယ- သား သမီးတွေ ကအစ အားလုံးသော သတ္တဝါအပေါင်းတို့ရဲ့ သန္တာန်မှာ လည်းပဲ၊ အနုကမ္ပကာ- အစဉ်သနား စောင့်ရှောက်တတ်တဲ့ သဘောတရားလဲ ရှိကြပါပေကုန်၏။



WWW.DHAMMARANSI.NET

**မိဘ ကျေးဇူး . . . . .**

ခုနတုန်းက ပြောခဲ့တဲ့ 'ကရုဏာ' တရားပေါ့၊ **အနုကမ္ပကာဆိုတာ** - သား သမီးလေးတွေ ဆင်းရဲဒုက္ခ မရောက်အောင် အမြဲတမ်း မျက်ခြည်မပြတ် ကြည့်ရှု ပြီးတော့ စောင့်ရှောက်လေ့ရှိတဲ့ ဂုဏ်ကျေးဇူးတွေနဲ့ ပြည့်စုံပါတယ်တဲ့။

အဲဒီလို မိဘတွေ ကျေးဇူးတရား ရှိတော့၊ သား သမီးတွေက ဘယ်လိုလုပ်သင့်သလဲ ဆိုတာ ဆက်ပြီးတော့ အမိန့်ရှိတယ်။



WWW.DHAMMARANSI.NET



## ကျေးဇူးဆပ်နည်း အမျိုးမျိုး

တသ္မာ-ထိုကဲ့သို့ မိဘတို့သည် ဗြဟ္မာမင်းကြီးကဲ့သို့လည်းကောင်း၊ ပုဗ္ဗာစရိယလို့ဆိုတဲ့ လက်ဦးဆရာကဲ့သို့လည်းကောင်း၊ မိမိတို့ အဝေးမှ မွန်မွန်မြတ်မြတ် ဆောင်ယူလာတဲ့ ပစ္စည်းဝတ္ထုတို့ကို ခံယူခြင်းငှါ ထိုက်တန်တဲ့ အာဟုနေယျဂုဏ်နှင့် ပြည့်စုံတဲ့အတွက်ကြောင့်လည်းကောင်း၊ သားသမီးတွေကအစ အားလုံးသော သတ္တဝါတွေအပေါ်မှာ အစဉ်သနား စောင့်ရှောက်ခြင်းဆိုတဲ့ ကရုဏာတရားနှင့် အပြည့်အဝရှိတဲ့အတွက်ကြောင့်လည်းကောင်း၊ နေ - ထိုကျေးဇူးရှင် မိဘတို့ကို၊ ပဏ္ဍိတော- ပညာရှိတဲ့အမျိုးကောင်းသား အမျိုးကောင်းသမီးသည်၊

**နမဿေယျ** - ရှိခိုး ဦးညွတ်၍ အရိုအသေ ပြုလဲ ပြုထိုက်ပါပေ၏၊

**သက္ကရေယျ** - ရိုရိုသေသေ လေးလေးစားစားဖြင့် အလေးအမြတ်လဲ ပြုထိုက်ပါပေ၏၊

အဲဒီလို ဂုဏ်ကျေးဇူးတွေနဲ့ ပြည့်စုံတဲ့အတွက်



WWW.DHAMMARANSI.NET

မိဘ ကျေးဇူး . . . . .

ကြောင့် သားသမီးတွေက မိဘတွေကို မြတ်မြတ်နိုးနိုးနဲ့ ရှိခိုးထိုက်တယ်၊ အရိုအသေ ပြုရမယ်၊ ဘယ်တော့မှ မရိုမသေ မလေးမစား မလုပ်ရဘူး၊

နောက်ပြီးတော့ . . . . . . .

အန္နေနစ - ထမင်း အစရှိတဲ့ အစာ အာဟာရဖြင့် လည်းကောင်း၊

ပါနေနစ - အဖျော်ယမကာအားဖြင့် လည်းကောင်း။

သယနေနစ - အိပ်ရာ နေရာ အသုံးအဆောင် အားဖြင့် လည်းကောင်း။

ဥစ္စာရနေနစ - ရင်မှာ ပိုက်ထွေးပြီးတော့ ကျွေးမွေး ပြုစုခြင်းဖြင့် လည်းကောင်း။

ပါနေနစ - အဖျော်ယမကာအားဖြင့် လည်းကောင်း။

သယနေနစ - အိပ်ရာ နေရာ အသုံးအဆောင် အားဖြင့် လည်းကောင်း။

ဥစ္စာရနေနစ - ရင်မှာ ပိုက်ထွေးပြီးတော့


WWW.DHAMMARANSI.NET

ကျွေးမွေးပြုစုခြင်းဖြင့် လည်းကောင်း။

နှာယနေနစ - ရေပူ ရေအေးတို့ဖြင့် လိုအပ်သလို ရေချိုးပေးရခြင်းဖြင့် လည်းကောင်း၊

ပါဒါနမောဝနေနစ - ခြေလက်တို့ကို ပြောင်စင်အောင် ဆေးကြောသုတ်သင်ခြင်းအားဖြင့် လည်းကောင်း၊

ပဏ္ဍိတာ - ကျိုးကြောင်း မြင်သိ ပညာရှိတဲ့ အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည်၊

မာတာပီတူသု - မိခင် ဖခင် ကျေးဇူးရှင်တို့ အပေါ်၌၊

တာယ ပါရိစရိယာယ - ဤကဲ့သို့ ပြုစုလုပ်ကျွေးရတဲ့အတွက်ကြောင့်၊

နံ - ထိုကဲ့သို့ ပြုစုလုပ်ကျွေးတဲ့ သား သမီး ပေါင်းကို၊

ဣဓေဝ - ဤ ပစ္စက္ခ မျက်မှောက် ဘဝ၌ ပင်လျှင်၊

ပသံသန္တိ - ဘုရား အစရှိသော အရိယာ သူတော်ကောင်းကြီးတွေက နှစ်ထောင်း အားရစွာ ချီးကျူးတော်မူကြကုန်၏၊

ပေစ္စ - နောင် တမလွန်ဘဝ ရောက်တဲ့

မိဘ ကျေးဇူး . . . . .

အခါမှာလည်းပဲ၊

သဂ္ဂေ - မြတ်သောရှုပါရုံ စသည်တို့၏ တည်ရာဖြစ်သော နတ်ပြည်၌၊

ပမောဒတိ - ဝမ်းမြောက်ကြည်သာ နေထိုင်ကြရပါလေကုန်တော့သတည်း။

သာဓု သာဓု သာဓု

ဒါ့ကြောင့် မိဘတွေက သားသမီးများအပေါ်မှာ အဲဒီလို ကျေးဇူးတရားတွေရှိတဲ့အတွက်ကြောင့် သားသမီးတွေက ရှိခိုးရမယ်၊ ဦးညွှတ်ရမယ်၊ အရိုအသေ ပြုရမယ်။

နောက်ပြီးတော့ ထမင်းစားချိန်တန်လို့ရှိရင် မွန်မြတ်တဲ့ထမင်း ခဲဖွယ်ဘောဇဉ် အစာအာဟာရတွေနဲ့ ပြုစုလုပ်ကျွေးရမယ်၊ အဖျော်ယမကာ သောက်ဖွယ်တို့ဖြင့်လည်းပဲ ပြုစုလုပ်ကျွေးရမယ်၊ အဝတ်အစားတွေ လဲပေးတန်တာ လဲပေးလို့ဝတ်ပေးတန်တာ ဝတ်ပေးလို့ ပြုစုလုပ်ကျွေးရမယ်။

နောက် အိပ်ရာ နေရာ အသုံးအဆောင်တွေက စပြီးတော့ သက်တောင့် သက်တာဖြစ်အောင် သားသမီး


WWW.DHAMMARANSI.NET

တွေက အားလုံး စိမ်ပြီးတော့ ပြုစုလုပ်ကျွေး ရမယ်။

ဥစ္စာရနလို့ ဆိုတာကတော့ - တကယ့်ကို ရင်ခွင်ပိုက်ထွေးပြီးတော့ ယုယုယယနဲ့ ပြုစုလုပ် ကျွေးရမယ်။

မိမိတို့ ငယ်စဉ်တောင်ကျေး ကလေးဘဝတုန်းက ကိုယ့်ရဲ့ မိဘတွေက ရင်ခွင်ပိုက်ထွေးပြီးတော့ ပြုစုလုပ်ကျွေးသလို မိဘတွေ အိုမင်း မစွမ်းရှိပြီဆိုတော့ ကလေးလို ပြန်ဖြစ်သွားပြီ၊ ကလေးလို ပြန်ဖြစ်သွားတဲ့ အခါကျတော့ သားသမီးတွေက မိအို ဖအိုတွေကို တစ်ဖန် ပြန်ပြီးတော့ ရင်ခွင်ပိုက်ထွေးပြီး လုပ်ကျွေး ပြုစုရမယ်။

ဘာကြောင့်လဲ ဆိုတော့ . . . . . . .

အသက်အရွယ် ကြီးရင့်လာတဲ့အခါ မိဘတွေမှာ အရွယ်ကောင်းတုန်းကလို မဟုတ်တော့ဘူး၊ ကိုယ့်အား ကိုယ့်မာန်တယ် မရှိတော့ဘူး၊ အားမာန်တွေက လျော့ပြီးသွားတဲ့ အခါကြတော့ အလိုလိုအင်အား တွေက လျော့သွားတယ်၊ စိတ်အားတွေလဲ ငယ်သွားတယ်၊ ကိုယ်အားတွေလဲ လျော့သွားတယ်၊ အဲဒီအချိန်မှာ သားသမီးတွေက အလိုက်သိရတယ်။



WWW.DHAMMARANSI.NET

ဩော် . . . ငါတို့ရဲ့မိဘတွေ အသက်အရွယ် ကြီးပြီးတော့ လာတဲ့အခါ စိတ်အားတွေ၊ ကိုယ်အားတွေ လျော့လို့၊ မာန်တွေလဲ လျော့သွားကြပြီ၊ အဲဒီအချိန်မှာ ငါတို့က အားဖြည့်တဲ့အနေနဲ့ ရင်ခွင်ပိုက်ထွေးပြီးတော့ ပြုစုလုပ်ကျွေးမယ်ဆိုတဲ့ စိတ်မျိုးနဲ့ ထားပြီးတော့ ပြုစုလုပ်ကျွေးလျှင် ဥစ္စာရဏ ဆိုတာ အဲဒါကို ပြောတာ၊ ရင်ခွင်ပိုက်ထွေးပြီးတော့ ယုယုယယနဲ့ ပြုစုလုပ်ကျွေးရမယ်တဲ့။

**နှာပနေန** - ရေချိုး ပေးသင့်တဲ့ အချိန်-ရေချိုးပေးလို့၊ ရေပူနဲ့ ချိုးပေးသင့်တဲ့အချိန် ရေပူနဲ့ ချိုးပေး၊ ရေအေးနဲ့ ချိုးပေးသင့်တဲ့အချိန် ရေအေးနဲ့ ချိုးပေးလို့ အဲဒီလို နည်းနဲ့လည်းပဲ ပြုစုလုပ်ကျွေးရမယ်။

**ပါဒဓောဝနေန** - ခြေထောက်တွေ လက်တွေ ပေကျံနေမယ်ဆိုရင် ခြေလက်တွေက စပြီးတော့ ဆေးကြောပြီး သုတ်သင်ပေးရမယ်။

မြတ်စွာဘုရားက မိဘတွေအပေါ်မှာ သားသမီးတွေက လုပ်ကျွေးရမဲ့ တာဝန်ဝတ္တရားတွေ အဲဒီလို အမိန့်ရှိတော်မူထားတယ်၊ ဒါတင်ပဲလားဆိုတော့ မဟုတ်သေး



WWW.DHAMMARANSI.NET

ပါဘူး၊ မိဘတွေ စိတ်ကျေနပ်လောက် အောင်လည်းပဲ မိမိတို့က လုပ်ကျွေးရမယ်။

လူတိုင်း လူတိုင်း သိကြတယ်၊ အားလုံး သားသမီးတိုင်း သား သမီးတိုင်း သိကြတယ်၊ သား သမီး ကျင့်ဝတ် ငါးပါး၊ ဒါ မြတ်စွာဘုရား ဟော ထားတယ်၊ ဘာကြောင့် သား သမီးကျင့်ဝတ် ငါးပါး ဟောထားသလဲ ဆိုရင် . . . . မိဘတိုင်း မိဘတိုင်းကသားသမီးများ ပေါ်ပေါက်ထွန်းကား လာပြီဆိုရင် သားသမီးများအပေါ်က လိုလားတောင့်တတဲ့ အင်္ဂါ ငါးချက် ရှိတယ်၊ ဒါ မြတ်စွာဘုရား သဗ္ဗညုတဉာဏ် တော်ကြီးနဲ့ သိတော်မူတယ်။

မိဘတိုင်း မိဘတိုင်း သားသမီးတွေ အပေါ်က ပြန်ပြီး တုံ့ပြန်စေနိုင်တဲ့၊ တုံ့ပြန်မယ့် ကျေးဇူး တရားတွေ၊ ကျေးဇူး ပြန်ဆပ်မယ့် တရားတွေကို လိုချင်ကြတယ်။



WWW.DHAMMARANSI.NET

## သားသမီး ကျင့်ဝတ်များ



'ကျွေးမွေး မပျက် ၊ ဆောင်ရွက် စီမံ၊
မွေခံထိုက်စေ ၊ လှူမျှဝေ၍ ၊ စောင့်လေ
မျိုးနွယ်၊ ဝတ် ငါးသွယ် ၊ ကျင့်ဖွယ်
သားတို့တာ ၊ ကျင့်ဖွယ် သမီးတို့တာ'။

**ကျွေးမွေး မပျက်** - မိဘတွေက သားသမီးတွေကို အရွယ်ငယ်ငယ်လေးက စပြီးတော့ မပျက်မကွက် ကျွေးမွေးခဲ့သလို အိုမင်းမစွမ်း ရှိလာတဲ့အခါ၊ မိဘတွေက ဒို့သားသမီးတွေ၊ ငါတို့ ငယ်ငယ်တုန်းက သူတို့ကို မပျက်မကွက် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့သလို၊ ငါတို့ အခုလို အသက်အရွယ် ကြီးလာတဲ့အခါ၊ ငါတို့ သားသမီးလေးတွေကငါတို့ကို ပြန်ပြီးတော့ မပျက်မကွက် ကျွေးမွေးပြုစု စောင့်ရှောက်လိမ့်မယ်ဆိုတဲ့ မျှော်လင့်တောင့်တချက်တွေ ရှိလာကြတယ်။

အဲဒီလို မျှော်လင့်ချက် ရှိတာကို သားသမီးတွေက သိတတ်ပြီးတော့ မိဘတွေကြီးရင့်လာလို့ အိုမင်းမစွမ်း



WWW.DHAMMARANSI.NET

ဖြစ်လာတဲ့အခါ သားသမီးတွေက တစ်ဖန် ပြန်ပြီးတော့ မပျက်မကွက် ကျွေးမွေးပြုစုရမယ်တဲ့။

မြတ်စွာဘုရားက ဒါတွေ အမိန့်ရှိခဲ့တယ်၊ ကိုယ်ချင်းစာတာ ပေါ့နော်၊ မြတ်စွာဘုရားက ကြိုတင်ပြီးတော့ သိတယ်၊ မိဘတွေရဲ့ စိတ်ဓာတ်ကို ပိုပြီးတော့ သိတယ်၊ ကြိုတင်ပြီး သိတော်မူတဲ့အတွက်ကြောင့် သားသမီးတွေ ပြုရမယ့် တာဝန်ဝတ္တရားတွေကို မြတ်စွာဘုရား အမိန့်ရှိခဲ့တယ်။

ဒါ့ကြောင့် ကျွေးမွေးမပျက်တဲ့ မိဘတွေကို မပျက်မကွက် အချိန်မှန်မှန်ကျွေးလို့၊ အချိန်မှန်မှန် အိပ်နိုင်အောင် စီမံပေးလို့ စသည်ဖြင့် အဲဒီလို ပြုစုရတယ်။

ဆောင်ရွက်စီမံတဲ့ မိဘတွေက မိမိတို့ အသက်အရွယ် ပိုမျှစ်နုနယ်စဉ် အခါတုန်းက-လုပ်ကိုင် ပေးသင့်တဲ့ အလုပ်ကိစ္စတွေကို အားလုံး၊ ဆောင်ရွက်ခဲ့တာပဲ၊ သားရေး သမီးရေးကိစ္စတွေလည်း သူတို့ တာဝန်ယူပြီး အကုန်လုံး ဆောင်ရွက်ခဲ့တာပဲ၊ သားသမီးတွေ ပညာရေး စီးပွားရေး ကြီးပွားရေး၊ ကိုယ့်အိမ် စားရေးသောက်ရေးက စပြီးတော့ အစစ အရာရာ ဆောင်ရွက်ခဲ့တယ်။



WWW.DHAMMARANSI.NET

ဒီကြားထဲမှာ လူမှုရေး ကိစ္စတွေ၊ သာသနာရေး ကိစ္စတွေ ရှိတယ်၊ ဘာသာရေးကိစ္စ၊ သာသနာရေးကိစ္စတွေကအစ လိုလေသေးမရှိအောင် မိဘတွေက ဆောင်ရွက်ခဲ့ကြတယ်။

အဲဒီလို မိမိတို့ ငယ်ငယ်တုန်းက ဆောင်ရွက်ခဲ့သလို မိမိတို့ အသက်အရွယ် ကြီးလာတဲ့အခါ ဒီကိစ္စတွေ တာဝန်ကျေအောင် မဆောင်ရွက်နိုင်ကြတော့ဘူး၊ မဆောင်ရွက်နိုင်တော့ ဘယ်သူ့ကို-အားကိုးလဲ-သား သမီးတွေကို အားကိုးတယ်နော်၊ ငါတို့ရဲ့ကိုယ်စား သားသမီးတွေက၊ ငါတို့ဆောင်ရွက်ခဲ့တဲ့ ကိစ္စမှန်သမျှ အဝဝကို သူတို့ဆောင်ရွက်လိမ့်မယ်လို့ မျှော်လင့်ချက်ရှိသည့်အတိုင်း စီမံစရာ ရှိတာ၊ ဆောင်ရွက်စရာ ရှိတာ၊ သားသမီးတွေက တာဝန်ကျေကျေနဲ့ မိဘတွေရဲ့ ကိုယ်စား အစစအရာရာ ဆောင်ရွက်ရတယ်။

ဘာသာရေး သာသနာရေး လူမှုရေး ကိစ္စတွေကစပြီးတော့ အစစအရာရာ ဘာမှ လိုလေသေး မရှိအောင် မိဘတွေရဲ့ကိုယ်စား ဆောင်ရွက်ရတယ်၊ အဲဒီလို ဆောင်ရွက်နိုင်ပြီဆိုရင် မိဘတွေက သိပ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ


WWW.DHAMMARANSI.NET

ဖြစ်ကြတာပဲ။

ပြော် . . . . . . . သား သမီးတွေက ငါတို့ ဆောင်ရွက်ရမဲ့ ကိစ္စတွေ ငါတို့ကိုယ်စား တာဝန်ကျေအောင် ဆောင်ရွက်ပေါ် ရတယ်၊ အဲဒီလို ဆောင်ရွက်တဲ့အတွက်ကြောင့် ပတ်ဝန်းကျင်မှာလဲ အပေါင်းအသင်းဆက်ဆံမှု မိတ်ဆွေ သဂ်ဟ မပျက်တော့ဘူး၊ မိဘစဉ်ဆက်ကနေပြီး ဆက်ဆံလာခဲ့တဲ့ မိတ်ဆွေလည်း မပျက်တော့ဘူး၊ မိတ်ဆွေကောင်းတွေနဲ့ နေရထိုင်ရဆက်ဆံရတယ်၊ အဲဒီတော့ မိဘတွေက သိပ်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတယ်။

ဒ့ါကြောင့် အဲဒါကို သိတော်မူတဲ့အတွက်ကြောင့် မြတ်စွာဘုရားက သားသမီးတွေက၊ မိဘတွေ ဆောင်ရွက်ခဲ့တဲ့ အလုပ်ကိစ္စတွေကို တာဝန်ယူပြီးတော့ ဆောင်ရွက်ကြရမယ်။

**မွေ့ခံထိုက်စေ** - တဲ့၊ သား သမီးတိုင်း သားသမီး တိုင်းဟာ မိဘရဲ့အမွေကို ခံယူထိုက်တဲ့ သားသမီးတွေ ဖြစ်စေချင်ကြတယ်၊ မိဘတွေက မိမိတို့ကိုယ်အား ဉာဏ်အား တွေနဲ့ ရင်းနှီးပြီးတော့ ရှာဖွေစုဆောင်းလာခဲ့တဲ့ ပစ္စည်းဥစ္စာတွေ ရှိတယ်။


WWW.DHAMMARANSI.NET

မိဘ ကျေးဇူး . . . . .

ဒီ ပစ္စည်းဥစ္စာတွေကို ကိုယ်က အသက်အရွယ် ကြီးရင့်လို့ ဆက်လက်ပြီးတော့ ကြီးပွားတိုးတက်အောင် မလုပ်နိုင်တဲ့ အခါကျတော့ သားသမီးတွေကို အားကိုးတယ်။

ငါတို့ရှင်းနှီးပြီးတော့ ထားခဲ့တဲ့ ဒီပစ္စည်း ဥစ္စာတွေ မပျက်မစီးအောင်၊ တိုးတက်လာအောင်၊ ငါတို့ရဲ့သားသမီး တွေက ဆက်လက်ပြီး ဆောင်ရွက်ကြလိမ့်မယ်၊ ဒီလို ရည်ရွယ်ချက် ရှိတယ်။

ဒါ့ကြောင့် သားသမီးတွေကို ငယ်ငယ်လေးကတည်းက စပြီးတော့ လိမ္မာအောင် ဆုံးမသွန်သင်ကြတယ်၊ အဲဒီလို ဆုံးမသွန်သင်ထားပြီ ဆိုခဲ့လို့ရှိရင် ဆုံးမသွန်သင်လို့ လိုက်နာပြီး နေကြတဲ့ သားသမီးတွေ တွေ့ရင် မိဘတွေက သိပ်ပြီးတော့ ဝမ်းမြောက် ဝမ်းသာ ဖြစ်ကြတယ်။

အဲဒီလို ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီဆိုရင် ဒီလို သားသမီးတွေရဲ့ လက်ထဲမှာ ကိုယ်စုဆောင်း ရှာဖွေပြီး ထားတဲ့ ပစ္စည်း ဥစ္စာတွေကို ထိုက်ထိုက်တန်တန် သိမ်းဆည်း နိုင်စွမ်း ရှိကြတယ်။

ဩော် . . . . . . တို့ သားသမီးတွေက တယ်

လိမ္မာတာပဲ၊ ငါတို့ ပြောတဲ့စကား မြေဝယ်မကျ နားထောင်တယ်၊ ငါ တို့ဆောင်ရွက်နေတဲ့လုပ်ငန်းကိုင်ငန်းတွေကိုလည်းပဲ တူညီစွာ ဆောင်ရွက်ပြီးတော့ ငါတို့နှင့် အတူတကွတက်ညီလက်ညီ လုပ်ကိုင် ဆောင်ရွက်နိုင်ကြတယ်၊ ဒီသားသမီး လေးတွေက ငါ တို့ရဲ့ အမွေကို ခံယူထိုက်တဲ့သားသမီးတွေပဲဆိုတာ မိဘတွေက အလိုလို သတ်မှတ်ချက်ရှိတယ်။

အဲဒီလို သတ်မှတ်ချက်ရှိသည့်အတိုင်း မိဘတွေပေးအပ်တဲ့ အမွေအနှစ် ဥစ္စာတွေကိုလည်းပဲ မပျက်မစီးအောင် ထိန်းသိမ်းနိုင်စွမ်း ရှိရတယ်။

ဒီ အမွေအနှစ် ဥစ္စာတွေကို အရင်းအနှီးပြုပြီးအမြတ်အစွန်း အတိုးအပွား ရရာရကြောင်းဖြစ်တဲ့ကုန်သွယ်ခြင်း၊ လယ်လုပ်ခြင်း အစရှိတဲ့ စီးပွားရေးလုပ်ငန်းတွေကို ကျွမ်းကျွမ်းကျင်ကျင် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းရှိရတယ်၊ အဲဒီလို အရည်အချင်းနှင့် ပြည့်စုံတဲ့ သားသမီးတွေဟာ အမွေခံထိုက်တဲ့ သားသမီးလို့ ခေါ်တယ်။

အဲဒီတော့ သားသမီးတိုင်း သားသမီးတိုင်း အမွေ

ခံထိုက်တဲ့ သားသမီးများဖြစ်အောင် ကျင့်သုံးရတယ်။

ဒါ့ကြောင့် မိဘတွေရဲ့ တောင့်တချက်ကို ဖြည့်ဆည်းပေးတဲ့အနေနဲ့ သားသမီးတိုင်း၊ သားသမီးတိုင်းဟာ မိဘတွေရဲ့ အမွေအနှစ်ကို ခံယူထိုက်တဲ့ သားသမီးများဖြစ်အောင် ကြိုးစားရမယ်။

နောက်ပြီးတော့ **လှူမျှဝေ၍** ----

မိမိတို့ ကုသိုလ်ကောင်းမှု ပြုလုပ်ပြီးတိုင်း ပြုလုပ်ပြီးတိုင်း မိဘတွေကို အမျှဝေရမယ်။

အမျှဝေတယ် ဆိုတာ- တမလွန်ဘဝ ပြောင်းသွားတဲ့ မိဘတွေတင် မဟုတ်ဘူး၊ အသက်ထင်ရှား ရှိနေကြတဲ့ မိဘတွေကိုလည်းပဲ ကုသိုလ်ကောင်းမှု လုပ်ပြီးတိုင်း အမျှဝေရတယ်။

ဘာဖြစ်လို့လဲဆိုတော့ . . . . .

အသက်အရွယ် ကြီးရင့်ပြီးလာတဲ့ အခါကျတော့ ကိုယ်တိုင် စီးပွားဥစ္စာ မရှာဖွေနိုင်တော့ဘူး၊ မရှာနိုင်တော့ ကိုယ်ပေးထားတဲ့ အမွေအနှစ်လောက်ပဲ ရှိတာ၊ ဒါတွေကို သားသမီးတွေက နေပြီးတော့ အရင်းအနှီးပြုပြီး ရှာဖွေ



WWW.DHAMMARANSI.NET

စုဆောင်းလို့ ရလာတဲ့ အမြတ်အစွန်း အတိုးအပွားတွေကို မိဘတွေရဲ့ကိုယ်စား မိမိတို့က လှူဒါန်းပြီးတော့ ပေးကြတာ၊ အဲဒီလို လှူဒါန်းပြီးတော့ ပေးတဲ့ ကုသိုလ်အဖို့ဘာဂ ဝေပုံကျကို မိဘတွေကို ပြန်ပြီး အမျှဝေလိုက်လို့ မိဘတွေက ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး ကိုယ်တိုင် လှူဒါန်းရသလို ကုသိုလ်တွေ ရသွားတယ်။

ဒါကတော့ အသက်ထင်ရှားရှိပြီးတော့ နေကြတဲ့ မိဘတွေကို၊ မိဘတွေရဲ့ကိုယ်စား ကုသိုလ်ကောင်းမှု လုပ်ပြီးတော့ အမျှဝေပေးတာ၊ ကုသိုလ်ကောင်းမှု လုပ်ပေးတာ။

နောက်ပြီးတော့ တမလွန်ဘဝ ပြောင်းသွားတဲ့ မိဘတွေ ဆိုတာကတော့၊ မိဘတိုင်း မိဘတိုင်းက ကျန်ရစ်ပြီး အသက်ထင်ရှားရှိနေကြတဲ့ သားသမီးတွေရဲ့ ကုသိုလ် အဖို့ဘာဂ ဝေပုံကျကို မျှော်လင့်ကြတယ်၊ မျှော်လင့်နိုင်စွမ်း ရှိတဲ့ဘဝ ရောက်သွားပြီဆိုရင် မျှော်လင့်ကြတယ်၊ မျှော်လင့်တဲ့ အတိုင်း သားသမီးတွေက နေပြီးတော့ ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီး အမျှအတန်း ဝေလိုက်လို့ တမလွန်ဘဝမှာ ရောက်နေကြတဲ့ မိဘတွေက ဝမ်းမြောက်ဝမ်းသာနဲ့ သာဓု


WWW.DHAMMARANSI.NET

ခေါ်လိုက်ပြီ ဆိုလို့ရှိရင် ရရှိပြီးတဲ့ လက်ရှိဘဝထက် အဆင့်အတန်းမြင့်တဲ့ ဘဝကို ရောက်ရှိပြီးတော့ သွားနိုင်တယ်။

ဒီနည်းအားဖြင့်လဲ သားသမီးတွေက၊ မိဘတွေကို ကျေးဇူးဆပ်ကြရတယ်။

နောက် စောင့်လေမျိုးနွယ် ---

မိမိတို့ရဲ့ အမျိုးအနွယ်ဆိုတာ အချို့မြင့်မြတ်တဲ့ အမျိုးအနွယ်တွေပဲ၊ ခုဆိုရင် မိမိတို့ ဗုဒ္ဓဘာသာဝင် အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတွေ၊ ဒါ မြင့်မြတ်တဲ့ အမျိုးအနွယ်မှ ပေါက်ဖွားလာကြတဲ့ သား သမီးတွေ။

သားသမီးတွေက ကိုယ်ရဲ့အမျိုးအနွယ် ဘာသာတရားတွေကို မပျက်မစီးအောင် စောင့်ရှောက်ကြတယ်၊ မိဘဘိုးဘွားတွေက မိမိတို့ ကိုးကွယ်ဆည်းကပ်လာခဲ့တဲ့ ဗုဒ္ဓဘာသာဝင် သူတော်စင်ဖြစ်သည့်အားလျော်စွာ၊ ဗုဒ္ဓဘာသာ သာသနာအတွက် ကြီးပွားရာ ကြီးပွားကြောင်းလုပ်ငန်းတွေကို ဆောင်ရွက်နေတယ်ဆိုရင် သားသမီးတွေကလည်းပဲ မိမိတို့ကဲ့သို့ တူညီတဲ့ အရွယ်အစား၊ ဘာသာတရားတွေကို ချီးမြှောက်ထောက်ပံ့ ပြီးတော့



WWW.DHAMMARANSI.NET

ကျင့်သုံးပြီဆိုရင် မိဘတွေကဝမ်းမြောက် ဝမ်းသာဖြစ်ကြတယ်။

အဲဒီလိုမှ မဟုတ်ဘဲနဲ့ သားသမီးတွေက မိဘတွေဆည်းကပ် ကိုးကွယ်တဲ့ ဘာသာတရား၊ မိမိတို့မျိုးရိုး စဉ်ဆက်လိုက်နာကျင့်သုံးတဲ့ အမျိုးအနွယ် အစဉ်အလာတွေကို ဖေါက်ဖျက်ပြီးတော့ ဘာသာခြားလူမျိုးခြားတွေနဲ့ ရောနှောဆက်ဆံသွားပြီ ဆိုခဲ့လို့ရှိရင် မိဘတိုင်း မိဘတိုင်းက စိတ်နှလုံးမချမ်းမသာ ဖြစ်ကြတယ်။

တချို့များ အဲဒီလို သားသမီးတွေ ပေါ်ပေါက်လာပြီဆိုခဲ့လို့ရှိရင် မိဘတွေက လုံးဝကိုပြန်မကြည့်တော့ဘူး၊ လျစ်လျူရှုပြီး အမွေပြတ် ကြေညာတာတောင်မှ တွေ့ရတယ်၊ သားသမီးအဖြစ်မှ စွန့်လွှတ်ပါတယ် ဆိုတာတွေ တွေ့နေရတယ်၊ အဲဒီလောက်ထိအောင် အမျိုးအနွယ် ထိန်းသိမ်းစောင့်ရှောက်မှုကို မိဘတွေက လိုလားကြတယ်။

ဒါ့ကြောင့် သားသမီးတိုင်း၊ သားသမီးတိုင်းက မိမိတို့မျိုးရိုးစဉ်ဆက် ဆည်းကပ်လာခဲ့တဲ့ ဗုဒ္ဓဘာသာဝင်သူတော်စင်များ ဖြစ်သည့်အားလျော်စွာ သားသမီးတွေက



WWW.DHAMMARANSI.NET

လည်းပဲ အမျိုးအနွယ် ဘာသာတရား အစဉ်အဆက်ကို မပျက်မစီးရအောင် ထိန်းသိမ်း စောင့်ရှောက်ရမယ်။

အဲဒီလို ထိန်းသိမ်းစောင့်ရှောက်ခြင်းအားဖြင့် မိဘတွေ စိတ်ချမ်းသာအောင် နေနိုင်ပြီ ဆိုခဲ့လို့ရှိရင် အဲဒါ မိဘတွေကို ကျေးဇူးဆပ်ရာ ရောက်ပါတယ်။

ဒါ့ကြောင့် မြတ်စွာဘုရားက သားသမီးတွေက မိဘအပေါ်မှာ ကျင့်သုံးရမယ့် ကျင့်ဝတ်တရား ငါးပါးသည် မိဘတိုင်း မိဘတိုင်း လိုလားတောင့်တတဲ့ တောင့်တမှု အချက်ငါးပါးကို သားသမီးတွေကို ဖြည့်ဆည်းပေးစေချင်လို့ ဒါမြတ်စွာဘုရား အမိန့်ရှိထားတာ။

အဲဒီလို သားသမီးတွေက လိမ္မာစွာနဲ့ အလိုက်သိစွာနဲ့ မိမိတို့ တာဝန်ကျေကျေ၊ မိဘတွေ အပေါ်မှာ ပြုမူဆက်ဆံပြီ ဆိုခဲ့လို့ရှိရင် မိဘတွေက စိတ်နှလုံးချမ်းသာပြီးတော့သွားတဲ့ အတွက်ကြောင့် မိဘတွေကို ကျေးဇူးဆပ်ရာ ရောက်ပါတယ်၊ ဒီနည်းနဲ့လည်းပဲ သားသမီးတွေက မိဘတွေကို ကျေးဇူးဆပ် ရတယ်။



WWW.DHAMMARANSI.NET



# ကျေးဇူး ကျေအောင်ဆပ်နည်း

အဲဒီတော့ ဒါ့ထက်ပိုပြီး ကျေးဇူးဆပ်တဲ့ အမြတ်ဆုံး ကျေးဇူးဆပ်နည်းကို ပြောပါလို့ဆိုရင်တော့ . . . .

**မာတာပိတရော** - မိခင် ဖခင် ကျေးဇူးရှင်တို့ကို၊ **ဝဿသတမ္ပိ** - အနှစ်တစ်ရာပတ်လုံး၊ **သီသေန** - ဦးခေါင်းဖြင့်၊ **ပရိဟရန္တာ** - ရွက်တင်ပြီးတော့ ထားကြကုန်သည်ဖြစ်၍၊ **ပဋိကရံ** - ကျေးဇူးဆပ်ခြင်းကို၊ **ကာတုံ** - ပြုခြင်းငှါ၊ **အသမတ္ထာ**- မစွမ်းနိုင်။

ကိုယ်ကကျေးဇူးကို ကုန်အောင်ဆပ်မယ်ဆိုပြီးတော့ မိဘတွေကို အသက်ဆုံးသည့်တိုင်အောင် ဆိုပါတော့၊ အနှစ်တစ်ရာပတ်လုံး ခေါင်းပေါ်က-မချဘူး၊ ခေါင်းပေါ်မှာ တင်ပြီးတော့၊ ခေါင်းပေါ်မှာပဲစား၊ ခေါင်းပေါ်မှာပဲနေ၊ ခေါင်းပေါ်မှာပဲ အညစ်အကြေးစွန့်စသည်ဖြင့်၊ ကိုယ့်ခေါင်းပေါ်မှ မချဘဲနဲ့ အနှစ်တစ်ရာ ကာလပတ်လုံး၊ မိဘတွေရဲ့ ကျေးဇူးကိုကုန်အောင် ငါတို့ဆပ်မယ်ဟဲ့လို့ ဆပ်သော်လည်းပဲ တကယ်တော့ ကျေးဇူးတွေဟာ ဆပ်မကုန်ပါဘူးတဲ့ ဆပ်မကုန်ပါဘူး။



WWW.DHAMMARANSI.NET

ဒါဆို ဘယ်နည်းအားဖြင့် မိမိတို့တစ်တွေ ကျေးဇူး ကျေကုန်အောင် ဆပ်ရမလဲဆိုရင် . . .

**ယော** - အကြင် အမျိုးကောင်းသား အမျိုးကောင်း သမီးဖြစ်တဲ့ သားသမီး အပေါင်းသည်။

**မာတာပိတရော** - မိခင် ဖခင် ကျေးဇူးရှင် တို့ကို။

**တီသု ဝတ္ထူသု** - ဘုရား တရား သံဃာ ရတနာ သုံးပါးဟု ဆိုအပ်သော ဝတ္ထုတို့၌။ (ဝါ)- ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးတို့ အပေါ်၌။

**ပသာဒုပ္ပါဒနေနစ** - ကြည်ညိုလေးစားတဲ့ စိတ်တွေ ဖြစ်အောင် ပြုလုပ်ခြင်းဖြင့် လည်းကောင်း။

ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးကို ကြည်ညို လေးစားတတ်အောင် မိဘတွေကို၊ ကိုယ်က ကူညီ ဆောင်ရွက်ပြီးတော့ ပေးရတယ်။

မိဘတိုင်း မိဘတိုင်း ရတနာသုံးပါးတော့ ယုံကြည်တဲ့ သဒ္ဓါတရားတွေတော့ ရှိကြတာပါဘဲ၊ ရှိနေမယ်လို့ သာမန် သဒ္ဓါတရားမျိုး မဟုတ်စေဘဲနဲ့ အဆင့်မြင့်တဲ့ သဒ္ဓါမျိုး ရောက်အောင်၊ ဘုရား တရား သံဃာ ရတနာသုံးပါးအပေါ်


WWW.DHAMMARANSI.NET

ကြည်ညိုတဲ့ နေရာမှာ မတုန်မလှုပ် မမှိတ်မသုံ ခိုင်ခဲ့တဲ့ သဒ္ဓါတရားမျိုး ရသည့်တိုင်အောင် သားသမီးတွေက ဆောင်ရွက်ပြီးတော့ ပေးရတယ်။

ဘာကြောင့်လဲဆိုတော့ - - -

အများအားဖြင့် မိရိုးဖလာ ဗုဒ္ဓဘာသာတွေများ ကျတော့ ဘိုးဘွားစဉ်ဆက် ကြည့်လိုက်မယ်ဆိုရင်- ဒါနတော့ ပြုမယ်၊ သီလတော့ ဆောက်တည်မယ်၊ ထိုက်သင့်သလောက် ပုတီးလေးစိပ်လို့ ဗုဒ္ဓါနုဿတိလေးပွားလို့၊ ဒီလို ဘာဝနာ တရားတွေတော့ လုပ်လိုက်မယ်။

ဒါပေမယ်လို့ ခုနပြောသလို **အဝေစ္စပသာဒ** လို့ ဆိုတဲ့ မမှိတ်မသုံ မတုန်မလှုပ် ခိုင်ခဲ့တဲ့ သဒ္ဓါတရားမျိုး ပြည့်စုံတဲ့ 'အစိဂမ သဒ္ဓါ' မျိုးဖြစ်အောင်တော့ တချို့ မကျင့်သုံး နိုင်ကြတာ ရှိတယ်နော်။



WWW.DHAMMARANSI.NET

# ဘဝအဆက်ဆက် မပျက်တဲ့ သဒ္ဓါတရား

**‘အဓိဂမ သဒ္ဓါ’ ဆိုတာ ဘာလဲ . . .**

မိမိတို့ ခန္ဓာကိုယ်မှာရှိနေတဲ့ ရုပ်နာမ် ဓမ္မ သင်္ခါရ တရား ရှုပွားရာက နေပြီးတော့၊ ရုပ်နာမ် ဓမ္မသင်္ခါရ တရားတွေ ချုပ်ငြိမ်းရာ အငြိမ်းဓာတ် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်စွမ်းရှိတဲ့ အသိဉာဏ်ထူးမျိုး ရသွားပြီ ဆိုခဲ့လို့ရှိရင် အဲဒီပုဂ္ဂိုလ်တွေရဲ့ သန္တာန်မှာ ရှိနေတဲ့ သဒ္ဓါတရားဟာ ဘယ်တော့မှ မပျက်စီးဘူး၊ မြဲမြဲခိုင်ခံ့ပြီးတော့ နေတယ်။

ဘာကြောင့်လဲ --- ကိုယ့်ရဲ့မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရရာ ရကြောင်းဖြစ်တဲ့ ကျင့်စဉ်တရားအပေါ်မှာ ယုံကြည်တဲ့ သဒ္ဓါတရားဟာ ဘယ်တော့မှ မပျက်စီးဘူး၊

အဲဒီ သဒ္ဓါတရားမျိုးကို **အဓိဂမသဒ္ဓါ**လို့ ခေါ်တယ်၊ **ဒီအဓိဂမသဒ္ဓါ**ကို ဘယ်လိုပုဂ္ဂိုလ်က စပြီးတော့ရတုန်းဆိုရင် သောတာပန် ပုဂ္ဂိုလ်ကစ ရတယ်၊ သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ရလို့ သောတာပန်ဖြစ်သွားပြီ ဆိုခဲ့လို့ရှိရင် အဲဒီ



WWW.DHAMMARANSI.NET

ပုဂ္ဂိုလ်ရဲ့ သန္တာန်မှာရှိတဲ့ သဒ္ဓါတရားသည် **အဓိဂမသဒ္ဓါ** တရား ဖြစ်သွားပြီ။

အဲဒီ သဒ္ဓါတရားကတော့ ဘယ်လို ပုဂ္ဂိုလ်မျိုးကမှ လာပြီးတော့ဖျက်၊ မဖျက်တဲ့ သဒ္ဓါတရားနော်၊ ဘာဖြစ်လို့လဲ ဆိုတော့ --- **လောကုတ္တရာ သဒ္ဓါ** ဖြစ်သွားပြီ။

အဲ ဒီလို လောကုတ္တရာသဒ္ဓါ ဖြစ်အောင်လည်းပဲ သားသမီးတွေက မိဘတွေကို ပြုလုပ်ပေးမယ်ဆိုခဲ့လို့ရှိရင် အဲဒါ ကျေးဇူးကျေကုန်အောင် ဆပ်ရာ ရောက်ပါတယ်တဲ့။

## အရိယာ သူတော်ကောင်းများ ချစ်မြတ်နိုးတဲ့ သီလ

နောက်ပြီးတော့ **သီလသမာဒါပနေနစ-** သီလ မပြည့်စုံသေးတဲ့ မိဘတွေကို သီလပြည့်စုံအောင် သားသမီး တွေက ဆောင်ရွက်ပေးရတယ်။

သာမန် သီလရှိတော့ ရှိတယ်၊ ဒါပေမယ်လို့



WWW.DHAMMARANSI.NET

'အရိယာကန္တသီလ'အရိယာတိုင်း ချစ်မြတ်နိုးတဲ့ မကျိုး မပေါက် မကျားမပြောက်အောင် စောင့်ရှောက်နိုင်တဲ့ သီလမျိုး ဖြစ်ဖို့ရာလည်းပဲ သားသမီးတွေက ကြိုးစားရတယ်။

အဲ ဒီလို သီလမျိုး ဖြစ်ဖို့ရာလည်းပဲ အောက်ထစ်ဆုံး သောတာပတ္တိမဂ်ဉာဏ် ဖိုလ်ဉာဏ်ရလို့ သောတာပန် ဖြစ်တဲ့ ပုဂ္ဂိုလ်မှာကျတော့၊ သောတာပန်သန္တာန်မှာ ရှိနေတဲ့ ငါးပါး သီလသည်၊ ဘယ်တော့မှ ကျိုးခြင်း ပေါက်ခြင်း ကျားခြင်း ပြောက်ခြင်း မရှိဘူးနော်၊ အထူး ထိန်းစရာကို မလိုတော့ဘူး၊ သူ့အလိုလိုကို သီလပြည့်စုံသွားပြီ။

ဘယ်လောက်ထိအောင် သူချစ်မြတ်နိုးတုန်းဆိုရင် ဒီဘဝက စုတေသွားဦး၊ နောင်တမလွန် ဘဝတွေ အထိ၊ ဒီ သောတာပန် သန္တာန်မှာ ရှိနေတဲ့ ငါးပါး သီလဘယ်တော့မှ ပျက်စီးခြင်း မရှိဘူး၊ အဲဒီ လောက်ထိအောင် မြတ်မြတ်နိုးနိုးနဲ့ ထိန်းသိမ်းရတယ်။

သောတာပန်က အောက်ထစ်ဆုံး ခုနစ်ဘဝ သံသရာ လည်ဦး၊ ဘယ်ဘဝမှ၊ သီလမပျက်ဘူး၊ နောက်ဆုံးဘဝ အာသဝေါကုန်ခန်း ရဟန္တာဖြစ်သွားတာ။


WWW.DHAMMARANSI.NET

အဲဒီလောက်ထိအောင် မြဲမြံခိုင်ခံ့တဲ့ သီလမျိုး ဖြစ်အောင်လည်းပဲ ဒါ သားသမီးတွေက မိဘတွေကို ဆောင်ရွက်ပေးနိုင်ပြီ ဆိုလို့ရှိရင် မိဘတွေရဲ့ကျေးဇူးကို သားသမီးတွေက ကျေကုန်အောင် ဆပ်ရာရောက်ပါ တယ်တဲ့။



# အမြတ်ဆုံး ကျေးဇူးဆပ်နည်း

နောက် ပဗ္ဗဇ္ဇာယဝါ - ရှင်ရဟန်းပြုခြင်းအားဖြင့် လည်း ကျေးဇူးဆပ်ရတယ်။

ရှင်ရဟန်းပြုတယ် ဆိုတာ . . . . .

မိဘတွေက သားသမီးလေးတွေ ဖွားမြင်လာပြီ ဆိုခဲ့လို့ရှိရင် ရှင်ရဟန်းပြုပေးကြတယ်၊ ရှင်ရဟန်းပြုပြီးတော့ တရားဘာဝနာများ အားထုတ်လို့ ရလာတဲ့ တရားထူးတွေကို မိဘတွေကိုပြန်ပြီးတော့ ဟောကြားပေး၊ အဲဒီလိုနည်းနဲ့လည်းပဲ ကျေးဇူးဆပ်တဲ့ သားသမီးများဟာ . . . .

အယံ - ဤကဲ့သို့ ရတနာသုံးပါးတို့ အပေါ်၌



WWW.DHAMMARANSI.NET

မြဲမြံခိုင်ခံ့အောင်၊ ယုံကြည်တဲ့ သဒ္ဓါတရားနဲ့ ပြည့်စုံအောင် ဆောင်ရွက်ပြီးတော့ပေးခြင်း၊ သီလတရား ဆိုခဲ့လို့ရှိရင်လည်းပဲ 'အရိယာကန္တသီလ' စစ်စစ်ဖြစ်အောင် ဆောင်ရွက်ပြီးတော့ ပေးခြင်း၊ ရဟန်းတရားတွေကို ကိုယ်တိုင်ပွားများ အားထုတ်ပြီးတော့ ရဟန်းတရားတွေကို မိဘတွေအား ပြန်လည်ပြီး ဟောကြား ပေးခြင်းဟု ဆိုအပ်သော ပြုစုလုပ်ကျွေးခြင်းသည်။

မာတာပိတုပဋ္ဌာကာနံ - မိဘတွေကို ဆည်းကပ်လုပ်ကျွေးပြီးတော့နေတဲ့ ပြုစုခြင်းတို့ထက်။

အဂ္ဂေါ - အမြတ်ဆုံးဖြစ်တဲ့ ပြုစုလုပ်ကျွေးခြင်းပါပေတည်း။

အဲဒီတော့ မိဘတွေကို ကိုယ်ကအမြတ်ဆုံး ကျေးဇူးအကျေကုန်ဆုံးဖြစ်အောင် ကျေးဇူးပြုမယ်ဆိုခဲ့လို့ရှိရင်၊ ကျေးဇူးဆပ်မယ်ဆိုခဲ့လို့ရှိရင် အဲဒီလို နည်းအားဖြင့် ကျေးဇူးဆပ်ပါ။

ခုနတုန်းက ပြောခဲ့တဲ့ သားသမီးကျင့်ဝတ်တွေလည်းပဲ ကျေပွန်အောင် ပြုလုပ်ပြီးတော့ ကျေးဇူးဆပ်၊ အဝတ်အစား နေရာထိုင်ခင်းက စပြီးတော့ အစစအရာရာ လိုလေသေး



WWW.DHAMMARANSI.NET

မရှိအောင်လည်းပဲ ပြုလုပ်ပြီးတော့ ကျေးဇူးဆပ်ပါ။

ဒါတွေအပြင် မိမိတို့က ကျေးဇူးအကျေကုန်ဆုံး ဖြစ်အောင် အမြတ်ဆုံးနည်းမျိုးဖြင့် ဆပ်မယ်ဆိုခဲ့လို့ရှိရင် ရတနာသုံးပါး ယုံကြည်လေးစားမှု မရှိသေးတဲ့ မိဘတွေကို ယုံကြည်လေးစားမှု ရှိလာအောင်၊ ယုံကြည်လေးစားမှုရှိတဲ့ မိဘတွေရဲ့ သဒ္ဓါတရားကိုလဲ ခိုင်ခံ့သထက် ခိုင်ခံ့အောင် ဆောင်ရွက်ပေးခြင်းဖြင့်လည်း ဒါအကျေကုန်ဆုံး မိဘ ကျေးဇူးဆပ်တာနော်။

သီလမပြည့်စုံသေးတဲ့ မိဘတွေကို သီလပြည့်စုံ လာအောင်၊ သီလပြည့်စုံပြီးသား မိဘတွေကိုလည်းပဲ မြဲမြံခိုင်ခံ့တဲ့ 'အရိယာကန္တသီလ' မျိုးဖြစ်အောင် သားသမီး တွေက ဆောင်ရွက်ပေးပြီ ဆိုခဲ့လို့ရှိရင် ဒါမိဘတွေရဲ့ကျေးဇူးကို ကျေကုန်အောင် ဆပ်ရာရောက်ပါတယ်တဲ့၊ အမြတ်ဆုံး ကျေးဇူးဆပ်နည်းတရား ဖြစ်ပါတယ်။

နောက်ပြီးတော့ မိမိတို့ကိုယ်တိုင်လည်း ရှင်ရဟန်း ပြုပြီးတော့ ရဟန်းတရားတွေကို ကိုယ်တိုင်လည်း ပွားများ အားထုတ်၊ အားထုတ်လို့ သိလာတဲ့၊ ရလာတဲ့ ကိုယ့်ရဲ့



WWW.DHAMMARANSI.NET

အသိဉာဏ် တရားထူးတွေကိုလဲပဲ မိဘတွေကို ပြန်ပြီးတော့ ဟောကြားပြသပေးပြီဆိုခဲ့လို့ရှိရင် အဲဒါ ကျေးဇူးတရား ကျေကုန်အောင် ဆပ်ရာရောက်ပါတယ်၊ ဒါ အမြတ်ဆုံး ကျေးဇူးဆပ်နည်းပါ။

အဲဒီတော့ ယနေ့ ဦးကျင်ဟုတ်ရဲ့ ၈၈-နှစ် မြောက် မွေးနေ့မင်္ဂလာပွဲမှာ ဒေါ်မြင့်မြင့်စန်းနှင့်တကွ အားလုံးသော သားတွေသမီးတွေ မြေးတွေ မြစ်တွေက ကုသိုလ်ကောင်းမှု ပြုလုပ်ပြီးတော့ မိဘကို ကျေးဇူးဆပ်ကြတယ်၊ ခုနပြောခဲ့တဲ့ အကြောင်းတရားတွေနဲ့ အကုန်လုံး အကျုံးဝင်သွားတယ်နော်။

ကိုယ့်ကိုယ်ကို ပြန်ပြီးတော့ ဆင်ခြင်ကြည့်၊

ဩော် ဒီနေ့ ငါတို့ ကျေးဇူးဆပ်နေတာဟာ မိဘတွေအပေါ်မှာ ပြည့်ပြည့်ဝဝကြီး ကျေးဇူးကျေကုန်အောင် ဆပ်နေတာပဲလို့ သတိရပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ်။

ခုနတုန်းက ပြောသလို **လျှမ္ဘုဝေဠု**ဆိုတဲ့ နေရာမှာ လည်းပဲ အသက်ထင်ရှားရှိပြီးတော့နေတဲ့ ဖခင်ကြီး အခု အသက် ၈၈-နှစ်၊ ဘာမှ စီးပွားရေးလုပ်ငန်းတွေ ဘာတွေ မလုပ်နိုင်တော့ဘူး၊ အကြံဉာဏ်တောင်မှ ရှေးကလို အပြည့်အဝ



WWW.DHAMMARANSI.NET

မပေးနိုင်တော့ဘူး၊ မိမိတို့ ကိုယ့်အားကို ကိုယ်ကိုးပြီး လုပ်ကိုင်ဆောင်ရွက်လို့ ရလာတဲ့ ပစ္စည်းဥစ္စာတွေနဲ့ ယခုလို ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီးတော့ ရလာတဲ့ ကုသိုလ်ကောင်းမှု အဖို့ဘာဂ ဝေပုံကျကို အသက်ထင်ရှားရှိပြီးတော့နေတဲ့ ဖခင်ကြီး ဦးကျင်ဟုတ်အား ဒီနေရာမှာ အမျှဝေလိုက်ပြီ ဆိုလို့ရှိရင်၊ ဖခင်ဖြစ်တဲ့ ဒါယကာကြီး ဦးကျင်ဟုတ်ကလည်း ဝမ်းမြောက်ဝမ်းသာနဲ့ သာဓုခေါ်လိုက်တာနဲ့ သားသမီးတွေ လုပ်ကိုင်ဆောင်ရွက်ပေးတဲ့ ကုသိုလ်ကောင်းမှု မိမိလည်း တန်းတူရည်တူ အကုန်လုံးရသွားတယ်။

ဒါမိမိ ကုသိုလ်ကောင်းမှု ဖြစ်အောင်ကျေးဇူး တရားနဲ့ ပြန်ပြီးတော့ ကျေးဇူးဆပ်ပေးတာ။

ကျေးဇူးဆပ်တဲ့ နေရာမှာလဲပဲ ခုမိမိတို့ တစ်တွေ ၁၀-ရက်၊ သို့မဟုတ် ၄၅-ရက်တိုင်တိုင်၊ သိရီလက္ခဏာရာမ ဒဂုံသာသနာ့ရိပ်သာမှာ ကျင်းပပြီးတော့နေတဲ့ သတိပဋ္ဌာန် တရား မဟာဂင်ရှစ်ပါးကျင့်စဉ် တရားတွေ ပွားများအားထုတ်နေတဲ့ ဘာဝနာတရားစခန်းပွဲကြီးမှာ ကိုယ်တိုင်လာရောက် အားထုတ်တော်မူကြတဲ့ ဆရာတော် သံဃာတော် ယောဂီ



WWW.DHAMMARANSI.NET

သူတော်စင် အပေါင်းတို့အား၊ မွန်မြတ်တဲ့ခဲဖွယ် ဘောဇဉ် ခိုးချဉ်ရသာ အဖြာဖြာတို့ကို ဆက်ကပ်လှူဒါန်းတယ်၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း ညနေ အဖျော်ယမကာအတွက်ရော အကုန်လုံး တစ်နေ့တာအတွက် မိမိတို့ လှူဒါန်းတယ်။

ဝါဆိုဝါကပ် သီတင်းသုံးတော်မူကြတဲ့ သံဃာတော်များအားလည်းပဲ ဝါဆိုသင်္ကန်းတွေ ဆက်ကပ်လှူဒါန်းကြတယ်၊ ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး အလို့ငှါ နဝကမ္မ ဝတ္ထုငွေများကိုလည်း လှူဒါန်းဆက်ကပ်ကြတယ်။

အထူးအားဖြင့် ဆောက်လုပ်ဆဲဖြစ်တဲ့- ဗုဒ္ဓအဓိဝါသ ဂန္ဓကုဋိ တိုက်တော်ကြီးမှာ သီတင်းသုံး ကိန်းဝပ်တော်မူမည့် ဗုဒ္ဓရုပ်ပွားတော်နှင့်တကွ တံကဲပလ္လင်အတွက်ကိုလည်းပဲ ကြိုတင်ငွေအဖြစ် ကျပ်ငွေ သိန်းနှစ်ဆယ်ကိုလည်း ဒီနေ့ ရေစက်ချပြီး လှူဒါန်းကြတယ်။

ဒါတွေဟာ ဖခင်ကြီး - ဒီ ကုသိုလ်ကောင်းမှုတွေ အပြည့်အဝ ရရှိဖို့အတွက်၊ ဖခင်ကြီး အရင်းအနှီး ပြုပြီးတော့ ထားခဲ့တဲ့ ပစ္စည်း ဥစ္စာတွေနဲ့၊ ရင်းနှီးလို့ ရလာတဲ့ ပစ္စည်းတွေနဲ့


WWW.DHAMMARANSI.NET

ကုသိုလ်ကောင်းမှုတွေ ပြုလုပ်ပြီး ကျေးဇူးဆပ်နေကြတာ။

အေး - မဖြစ်သေးတဲ့ သဒ္ဓါတရား ဖြစ်လာအောင်၊ ဖြစ်ပြီးတဲ့ သဒ္ဓါတရား မြဲမြဲခိုင်ခဲ့ပြီးတော့ သွားအောင်၊ မဖြစ်သေးတဲ့ ကိုယ်ကျင့်သီလ ပြည့်စုံအောင်၊ ဖြစ်ပြီးသား ကိုယ်ကျင့် သီလ၊ မြဲမြဲ ခိုင်ခဲ့တဲ့ ကိုယ်ကျင့် သီလဖြစ်အောင်၊ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတွေအတွက်၊ ကောင်းကျိုးချမ်းသာ ပြည့်စုံအောင်လို့ဆိုပြီးတော့ သာသနာတော်နှင့် စပ်တဲ့ ထူးမြတ်တဲ့ ကုသိုလ်ကောင်းမှုတွေလုပ်ပြီးတော့ မိမိတို့ မိဘကို ကျေးဇူးဆပ်ခြင်း ဖြစ်ပါတယ်။

ဒါ့ကြောင့် အဲဒီလို ကျေးဇူးတရား ယခုလိုဆပ်သလို ဖခင်ကြီး အသက်ထင်ရှား ရှိနေသမျှ ကာလပတ်လုံး မိမိတို့ တစ်တွေ အားလုံးသော မိသားစုများ ဆက်လက်ပြီးတော့ ကျေးဇူးကို ဆပ်နိုင်ကြပါစေ။



WWW.DHAMMARANSI.NET

## ကျေးဇူးဆပ်ရခြင်း အကျိုး

ဤကဲ့သို့ မိဘရဲ့ကျေးဇူးတရားကို ကျေကုန်အောင် ဆပ်နိုင်တဲ့အတွက်ကြောင့် မိမိတို့မှာ ဘယ်လိုအကျိုးများ ရနိုင်ကြသလဲဆိုရင် . . .

'ဣဓေဝ နံ ပသံသန္တိ ၊ ပေစ္စ သဂ္ဂေ ပမောဒတိ'ဆိုတဲ့ အတိုင်း၊ ပစ္စက္ခ မျက်မှောက်မှာ လည်းပဲ ဘုရားအမျိုးရှိတဲ့ အရိယာ သူတော်ကောင်းတွေက နှစ်ထောင်းအားရစွာနဲ့ သာဓု အနုမောဒနာ အကြိမ်ကြိမ် ခေါ် ဆိုပြီးတော့လဲပဲ ချီးကျူးကြလိမ့်မယ်၊ သူတော်ကောင်းတို့ရဲ့ ချီးမွမ်းမှုကို ခံရမယ်။

ပေစ္စ သဂ္ဂေ ပမောဒတိ - ဒီ ဘဝက နေစုတေသွား၊ မြတ်သော ရူပါရုံ စသည်တို့ရဲ့ တည်ရာဖြစ်တဲ့ နတ်ပြည်သို့ ရောက်ကြရမယ်။

နတ်ပြည်သို့ ရောက်ကြရမယ်ဆိုတာ ကောင်းတဲ့ သုဂတိ ဘဝကို ရောက်ရမယ်ဆိုတဲ့ အဓိပ္ပါယ်ပါပဲ၊ နတ်ပြည် ဆိုတာကတော့ အဆင့်အတန်း အမြင့်ဆုံး စည်းစိမ်ချမ်းသာ



WWW.DHAMMARANSI.NET

တွေနဲ့ ပြည့်စုံတဲ့ ဘဝမျိုးပေါ့။

အေး - ဒါ့ထက် သာလွန်တဲ့ ဘဝကို ရောက်ရမယ် ဆိုရင်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ပါပဲ။

ယခုလို ဖခင်ကြီး အပေါ်မှာ ကျေကုန်အောင် ကုသိုလ်ကောင်းမှုတွေ လုပ်ပြီးတော့ ကျေးဇူးတရား ငါတို့ ဆပ်ခဲ့တယ်၊ ဒါလေးတွေကို ပြန်ပြန်ပြီးတော့ အောက်မေ့တိုင်း သတိရတိုင်း ပွားများပြီးတော့ စိတ်ထဲမှာ သတိရပြီးနေပြီ ဆိုရင်၊ စိတ်ထဲမှာ အားရကျေနပ် နှစ်သိမ့်မှု ပီတိတွေ တစိမ့်စိမ့် ဖြစ်လာတဲ့ အချိန်။

**ပီတိ မနဿ ကာယော ပဿမ္ဘတိ** - ကိုယ်ရော စိတ်ရော ငြိမ်းအေးပြီးတော့ နေတဲ့အချိန်။

**ပဿဒ္ဓကာယော သုခံ ဝေဒယတိ** - ကိုယ် ရော စိတ်ရော ချမ်းသာပြီးတော့ နေတဲ့ အချိန်။

**သုခိနော စိတ္တံ သမာဒိယတိ** - ဆိုတဲ့အတိုင်း ကိုယ်စိတ်နှစ်ပါး ချမ်းသာမှု ဖြစ်ပြီးတော့ နေတဲ့အချိန်၊ စိတ်ဟာ တည်ငြိမ်မှု ဖြစ်လာတယ်။

အဲဒီလို တည်ငြိမ်မှု ဖြစ်လာတဲ့ အချိန်မှာ မိမိတို့



WWW.DHAMMARANSI.NET

ရှုပွားနေကြဖြစ်တဲ့ သတိပဋ္ဌာန်တရား မဂ္ဂင် ရှစ်ပါး ကျင့်စဉ်တရားတွေကို အဆက်မပြတ် ပွားများ အားထုတ်ကြပြီ ဆိုခဲ့လို့ရှိရင် သားသမီးတွေရဲ့ သန္တာန်မှာ . . .

**သမာဟိတော ဘိက္ခဝေ ယထာဘူတံ**

**ပဇာနာတိ** - ဆိုတဲ့ အတိုင်း၊ စိတ် တည်တည် ငြိမ်ငြိမ်နဲ့ ရှုပွားနေကြကမ္မဋ္ဌာန်း အာရုံပေါ်မှာ ရှုပွားလိုက်လို့ ရုပ်ရဲ့သဘော၊ နာမ်ရဲ့သဘောတွေ အမှန်သိရာက နေပြီး တော့ ရုပ်နာမ်ဓမ္မသင်္ခါရ တရားတို့ရဲ့ ချုပ်ငြိမ်းရာ အငြိမ်းဓာတ် နိဗ္ဗာန်အထိ ရောက်အောင် ယထာဘူတဉာဏ် တွေ အဆင့်ဆင့်တက်ပြီးတော့ သွားကြပါလိမ့်မယ်။

အဲဒီလို အကျိုးတရားတွေ သက်ရောက်ပြီးတော့ သွားပြီဆိုခဲ့လို့ရှိရင် မိဘတွေကို ကျေးဇူးဆပ်ရတဲ့ အကျိုး တရားတွေဟာ နောင်တမလွန် ဘဝတင် မဟုတ်ပါဘူး၊ ပစ္စက္ခ မျက်မှောက် ဘဝမှာလည်းပဲ အပြည့်အဝ ခံစားကြရမှာ ဖြစ်ပါတယ်။



WWW.DHAMMARANSI.NET

# တရားနိဂုံး

ဒါ့ကြောင့် ယနေ့ ကျေးဇူးရှင်ဖခင်ကြီး ဦးကျင်ပတ်၏ အသက် ၈၈-နှစ်ပြည့် မွေးနေ့ကြုံရာ ယခုလိုအခါ၌၊ ဆရာတော် သံဃာတော် အရှင်မြတ်တို့အား မွန်မြတ်သော ဆွမ်းခဲဖွယ် ဘောဇဉ် ချိုချဉ်ရသာ အဖြာဖြာတို့ဖြင့် ဆက်ကပ် လှူဒါန်းရခြင်းတည်းဟူသော ဒါနကုသိုလ်ကံ စေတနာ၊ ၁၀ရက်၊ သို့မဟုတ် ၄၅-ရက်တိုင်တိုင် သတိပဋ္ဌာန် ဝိပဿနာ ဘာဝနာ တရားတို့ကို ပွားများအားထုတ်ပြီးတော့ နေကြကုန်သော ဆရာတော် သံဃာတော် ယောဂီ သူတော်စင်အပေါင်း တို့အား အရုဏ်ဆွမ်း နေ့ဆွမ်း အဖျော်ယမကာ စသည်တို့ကို ဆက်ကပ် လှူဒါန်းရခြင်းတည်းဟူသော ဒါနကုသိုလ်ကံ စေတနာ၊ ဆရာတော် သံဃာတော် အရှင်မြတ်တို့အား ဝါဆို သင်္ကန်း ဆက်ကပ်လှူဒါန်ရခြင်း တည်းဟူသော ဝဿဝါသိက စီဝရဒါန ကုသိုလ်ကံ စေတနာ။ အထူးအားဖြင့် ‘ဗုဒ္ဓအဓိဝါသ ဂန္ဓကုဋိ’ တိုက်ကျောင်းဆောင်၌ ကိန်းဝပ်မွေ့လျော်မည်



WWW.DHAMMARANSI.NET

မိဘ ကျေးဇူး . . . . .

ဖြစ်သော ဗုဒ္ဓရုပ်ပွားဆင်းတုတော်နှင့် တံကဲပလ္လင်တို့ကို စီမံဖန်တီးပြီးတော့ ဆောင်ရွက်နိုင်ဖို့ရာ ကြိုတင်ငွေအဖြစ် နဝကမ္မ ကျပ်ငွေ အသပြာသိန်းနှစ်ဆယ်တို့ကိုလည်းကောင်း၊ အသီးအသီး လှူဒါန်းရတဲ့ကုသိုလ် ကောင်းမှုကံ စေတနာ အဖြာဖြာတို့ကြောင့် မိမိတို့ တစ်တွေသည် ဘုန်းကြီးသက်ရှည် ကျက်သရေမင်္ဂလာ စည်းစိမ်ဥစ္စာ အဖြာဖြာ တိုးပွားကြပြီးလျှင် အို နာ သေရေး ဒုက္ခဘေးတို့မှ ကင်းဝေးရာဖြစ်တဲ့ အငြိမ်းဓာတ် နိဗ္ဗာန်ကို၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်လွယ်ကူစွာ မျက်မှောက် ပြုနိုင်ကြပါစေကုန်သော်ဟူ၍ ပတ္ထနာ အောင်ဆု ပြုလိုက်ကြကုန်ရာသတည်း။

သာဓု သာဓု သာဓု

အနန္တ ဂိုဏ်းဝင် ကျေးဇူးရှင် မိဘ တို့အား
ကျေးဇူး အထူး ဆပ်နိုင်ကြပါစေ ။



WWW.DHAMMARANSI.NET

မြင့်မိုရ်တောင်ဦး မကကြူးသည့်
အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဟု
ကျေးမွေး ယုယ မိ နှင့် ဘကို
သားကောင်း သမီးမြတ် ခံယူတတ်အောင်
မပြတ်ကျေးမွေး ပြုစုပေးလော့။

(ဒဂုံ - သိရိ)



WWW.DHAMMARANSI.NET

မြင်းမိုရ်တောင်ဦး ၊ မကကြျူးသည့်

အနန္တဂိုဏ်းဝင် ၊ ကျေးဇူးရှင်ဟု

ကျွေးမွေး ယုယ ၊ မိ နှင့် ဖ ကို

သားကောင်း သမီးမြတ် ၊ ခံယူတတ်အောင်

မပြတ် ကျွေးမွေး ၊ ပြုစု ပေးလော့။



WWW.DHAMMARANSI.NET